The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ သောကြာနေ့ (11-7-2014) (၇၀၉၀)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မွန်ဂိုလီးယားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇူလိုင် ၁၁

ဇူလိုင် ၁၁ ရက်တွင် ကျရောက်သော မွန်ဂိုလီးယားနိုင်ငံ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ်ဂျ် ဇတ်ခ်ဟီးလ်ယာဒ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ဇူလိုင် ၁၁ ရက်တွင် ကျရောက်သော မွန်ဂိုလီးယားနိုင်ငံ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နိုရိုဗင်း အာထန်ဟိုးယက်ဂ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လူငယ်များ ၎င်းတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ်နိုင်မည့် အခွင့်အရေးများရရှိစေရေး နိုင်ငံတော်အစိုးရနှင့်အတူ သက်ဆိုင်သူများအားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေ့ဂ်ရယ်ကမုဒြာဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ဖန်တီးရှင်များသည် လူငယ်များဖြစ်ပါကြောင်း၊ ယနေ့ လူငယ်များ ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများသည် နိုင်ငံများ၏ အနာဂတ်ကို ခြိမ်းခြောက်လျက်ရှိပါကြောင်း၊ ယင်းစိန်ခေါ်မှုများကို ကူညီဖြေရှင်းပေးနိုင်ရန် **“လူငယ်အရေး အလေးပေးကာ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ပါ”** ဆိုသည့် ဆောင်ပုဒ်ကိုရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယနေ့လူငယ်များကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရသည့် ရည်ရွယ်ချက်ကိုဆန်းစစ်ကြည့်လျှင် လူဦးရေဆိုင်ရာအချက်အလက်များကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ဟိုင်းကြီးကျွန်းမြစ်ကူးတံတား တည်ဆောက်ပြီးစီး

ရန်ကုန်-ပုသိမ်-ဟိုင်းကြီးကျွန်းခရီးစဉ် ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲ

ပုသိမ် ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၌ ဟိုင်းကြီးကျွန်းမြစ်ကူးတံတားကြီးကို ၂၀၁၃ ခုနှစ်မှစတင်၍ တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားသဖြင့် ရန်ကုန်-ပုသိမ်-ဟိုင်းကြီးကျွန်း ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့နယ်ခွဲဒေသသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်အတွင်း၌ တည်ရှိသကဲ့သို့ မြစ်ချောင်းများ ကွန်ရက်သဖွယ် များပြားနေခြင်းကြောင့် ခေတ်အဆက်ဆက်ရေလမ်းတစ်ခုသာ အမှီပြုသွားလာနေကြရသည်။

ယနေ့ နိုင်ငံတော်အစိုးရလက်ထက်တွင် ဟိုင်းကြီးကျွန်းဒေသတစ်ခွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတံတားသစ်များ တည်ဆောက်လျက်ရှိသကဲ့သို့ ဟိုင်းကြီးကျွန်းမြစ်ကူးတံတားသစ်ကြီးကိုလည်း ၂၀၁၃ ခုနှစ်မှစတင်၍ တည်ဆောက်နိုင်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးအောင်မြင်ပြီဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအရပ်ရပ်မှ ခရီးသွားဧည့်သည်များ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✳

မိုးရွာသွန်းမှု

၁၀-၇-၂၀၁၄

ခန္တီး	၆ ဒသမ ၄၅ လက်မ
ထားဝယ်	၅ ဒသမ ၂၀ လက်မ
ကိုကိုးကျွန်း	၄ ဒသမ ၈၀ လက်မ
သထုံ	၄ ဒသမ ၂၉ လက်မ
ကျိုက်မရော	၃ ဒသမ ၈၅ လက်မ
ရေး	၃ ဒသမ ၇၄ လက်မ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ကြေးမုံစာတည်းရှုထောင့် **၁၁-၇-၂၀၁၄၊ သောကြာနေ့**

ဝါဆိုလပြည့်ဓမ္မစကြာနေ့

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့သည် ဗုဒ္ဓသာသနာတော်အတွင်းရှိ ဗုဒ္ဓဘာသာဝင်အပေါင်းတို့အတွက် ထူးကဲမွန်မြတ်လှသော နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ထိုနေ့တွင် ဘုရားလောင်း သန္ဓေယူတော်မူခြင်း၊ ဘုရားလောင်း တောထွက်တော်မူခြင်း၊ ဘုရားအဖြစ်ရောက်တော်မူပြီး ဓမ္မစကြာတရားဦး ဟောတော်မူခြင်းနှင့် တိတ္ထိတစ်သင်းအား ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူခြင်းဟူသော ထူးကဲသည့်ဗုဒ္ဓဖြစ်စဉ်များနှင့် ပြည့်စုံတော်မူသော နေ့ဖြစ်ပါသည်။

ဂေါတမဗုဒ္ဓဘုရားမဖြစ်မီ တုသိတာနတ်ပြည်၌ သေတကေတုနတ်သား ဘဝမှ မယ်တော် မာယာဒေဝီ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်တော်မူသည့် နေ့သည် မဟာသက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ဖြစ်ပါသည်။ ဘုရားလောင်းသိဒ္ဓတ္ထမင်းသားသက်တော် (၂၉) နှစ်အရွယ်သို့ ရောက်သော အခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို လေးလ စီခြားမြင်၍ သံဝေဂရတော်မူပြီး၊ သားဦးရတနာဖွားမြင်ပြီးနောက် အနှောင် အဖွဲ့တစ်ခုတိုးပြီဟု ထိတ်လန့်တုန်လှုပ်ပြီး၊ အိပ်စက်နေသော မောင်းမတို့ကို သူသေကောင်များသဖွယ်ထင်မှတ်ပြီးနောက် တောထွက်တော့မည်ဟု ယတိ ပြတ်ဆုံးဖြတ်ခဲ့သောနေ့သည် မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ဖြစ်ပါသည်။ ထို့နောက် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန် တောတွင် ပဉ္စဝဂ္ဂီရဟန်းငါးပါးအား ဓမ္မစကြာဒေသနာကို အဦးအဖျားဟော တော်မူသောနေ့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့ ညနေချမ်းဖြစ်ပါသည်။

ထိုဓမ္မစကြာတရားဦးဟောတော်မူသောအခါ အရှင်ကောဏ္ဍညမထေရ်သည် နတ်ပြဟ္မာ ၁၈ ကုဋေတို့နှင့်အတူ သောတာပန်တည်တော်မူပါသည်။ တရား ဒေသနာအပြီးတွင် မဟာပထဝီမြေကြီး မြည်ဟည်းတုန်လှုပ်ခဲ့ပါသည်။ နေလည်း ဝင်စ လလည်းထွက်စ ဝါဆိုလပြည့်ညနေချမ်းတွင် နေလနက္ခတ်တာရာနှင့် ပျားပန်းခတ်မျှ တရားနာလာကြသော နတ်ပြဟ္မာတို့၏အရောင်အဝါများနှင့် တစ်လောကလုံးအခါမဲ့ပွင့်သော ပန်းများပေါင်းစုံကာ ထူးခြားသော နေ့ကြီး တစ်နေ့ဖြစ်ခဲ့ပါသည်။

ထိုဓမ္မစကြာတရားထူးကြောင့် ပဉ္စဝဂ္ဂီငါးပါးစလုံး ရဟန္တာဖြစ်တော်မူပြီး ထိုအချိန်မှစ၍ ကမ္ဘာလောကကြီးအတွင်း သံဃာရတနာဟူ၍ပေါ်ထွန်းခဲ့ပါ သည်။ ဓမ္မစကြာဒေသနာတွင် ပါဝင်သော တရားများမှာ သစ္စာလေးပါးခေါ် အမှန်တရားလေးပါးဖြစ်ပါသည်။ ယင်းတို့မှာ ဆင်းရဲဟူသောအမှန်တရား၊ ဆင်းရဲဖြစ်ကြောင်းဟူသော အမှန်တရား၊ ဆင်းရဲချုပ်ရာဟူသော အမှန်တရား၊ ဆင်းရဲချုပ်ရာသို့ သွားရာလမ်းစဉ်ဟူသော အမှန်တရားတို့ ဖြစ်ပါသည်။

ဘုရားရှင်၏ ဒေသနာမှန်သမျှသည် မြတ်သောအမှန်တရားလေးပါးနှင့် သော်လည်းကောင်း၊ ထိုလေးပါးအနက် တစ်ပါးပါးနှင့်သော်လည်းကောင်း ကင်းကွာသည်ဟူ၍မရှိပါ။ ပိဋကတ်သုံးပုံသည်ပင် မြတ်သောအမှန် တရားလေးပါးတွင် အကျုံးဝင်သည်နှင့်အညီ ထိုလေးပါးသည် ဗုဒ္ဓဒေသနာ မှန်သမျှ၏ အကျဉ်းဆုံးသော တရားပေါင်းချုပ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် တရားအားလုံးတို့သည် ထိုဓမ္မစကြာမှ အမှန်တရားလေးပါး၌သာ အကျုံးဝင်ကြပါသည်။ ထိုအမှန်တရားလေးပါးမှ လွတ်ထွက်သည်ဟူ၍မရှိပါ။

ဒီပင်္ကရာမြတ်စွာဘုရားက အလောင်းတော်သုမေဓာရသေ့အား ဗျာဒိတ် ပေးရာ၌ ရှေးဘုရားရှင်တို့ ဓမ္မစကြာတရားဟောသကဲ့သို့ ဟောရန်တိုက် တွန်းကြောင်းပါရှိခြင်းကြောင့် ဒီပင်္ကရာဘုရားစသော ရှေးဘုရားရှင်တို့ မပွင့်မီက ပွင့်ပြီးနှင့်ကုန်သော ဘုရားရှင်တို့ ဟောတော်မူခဲ့သော တရား ဒေသနာဖြစ်ပါသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့တွင် ဟောကြားတော်မူသော ဓမ္မစကြာဒေသနာတရားသည် နတ်တို့အဆင့်ဆင့် ကောင်းချီးပေး၍ ကြွေး ကြော်ခြင်း၊ မြေလျှင်လှုပ်၍ အလင်းရောင်ပေါ်ခြင်း၊ တရားအားလုံး၏ အမှန်တရားလေးပါး ပါဝင်နေခြင်းတို့ကြောင့် ထူးခြားသော ဝိသေသကို ဆောင်တော်မူပါသည်။

သို့ဖြစ်ရာ ထူးမြတ်သော ဝါဆိုလပြည့်အခါသမယနေ့တွင် လောက သစ္စာအမှန်တရားလေးပါးပါဝင်သည့် ဘုရားရှင်အဆက်ဆက်တို့၏ ဒေသနာမြတ်ဟောကြားတော်မူခဲ့ရာ အမျိုးကောင်းသားသမီးအပေါင်းတို့ သည် ဤနေ့ဤရက်မှစ၍ သစ္စာလေးပါးအမြတ်တရားကို ကျင့်ကြံအားထုတ် ကြရန် နှိုးဆော်အပ်ပါသည်။ ။

လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန် အနီးရှိ စက်မှုလယ်ယာမြေစနစ် တစ်ဆက်တစ်စပ်တည်း ဧက ၃၀၀၀ စိုက်ကွင်းရှင်းလင်းဆောင်၌ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ အထောက်အပံ့ အကူအညီဖြင့်"လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် စားရေရိက္ခာဖူလုံရေးနှင့် ဆန်စပါးထုတ်လုပ်မှုမြင့်တင်နိုင်ရန် စားနပ်ရိက္ခာဖူလုံရေးစီမံကိန်း (Food Security Project for Underprivileged Farmers 2 KR-2012)မှ လယ်ယာသုံးစက်ကိရိယာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား"ကို ယမန်နေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ဦးအုန်းသန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr. Tateshi HIGUCHI ၊ JICA (Myanmar) ရုံးမှ Mr. Marsahiko TANAKA (Chief Representative) ၊ မြန်မာနိုင်ငံဆိုင်ရာမော်ရိုကိုသံအမတ်ကြီး H.E.Mr. Abdelilah EI Housni နှင့် ဧည့်သည်တော်များသည် လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက်ကြီးများ၊ ကူဘိုတာ ထွန်စက်ကြီးများနှင့် ရှီဘိုရာထွန်စက်များအား ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးက လယ်ယာသုံးစက်ကိရိယာများ လှူဒါန်းရခြင်းအကြောင်းရင်းနှင့် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ထံ လယ်ယာသုံးစက်ကိရိယာများနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဂျပန်နိုင်ငံသံအမတ်ကြီးက လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ယဉ်ကျေးမှုဦးစီးဌာန အနုပညာတက္ကသိုလ်မှ အဆိုရှင်စုနန္ဒာက ဂျပန်ဘာသာဖြင့် (Hara)၊ မြန်မာအမည် "ပန်း" ဟု အမည်ရသော တောင်သူလယ်သမားဂုဏ်ပြုဂျပန်တေးသီချင်းဖြင့်လည်းကောင်း၊ တေးသံရှင်များက တောင်သူလယ်သမား ဂုဏ်ပြုသီချင်းများဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ယနေ့အခမ်းအနား၌ လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် စားနပ်ရိက္ခာဖူလုံရေး စီမံကိန်းမှ လွှဲပြောင်းပေးအပ်သော လယ်ယာသုံးစက်ကိရိယာများမှာ မြင်းကောင်ရေ ၅၀ အားရှိ ကူဘိုတာအမျိုးအစားထွန်စက် ၂၅ စီး၊ မြင်းကောင်ရေ ၄၇ ကောင်အားရှိ ရှီဘိုရာအမျိုးအစားထွန်စက် ၆၇စီး၊ မြင်းကောင်ရေ ၇၀ အားရှိ DC-70G အမျိုးအစားရိတ်သိမ်းခြွေလှေ့စက် ၁၀ စီး စုစုပေါင်း ၁၀၂ စီးအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်	ရွှေဈေး	၆၇၈၀၀၀	-	၆၇၈၈၀၀
မန္တလေး	ရွှေဈေး	၆၇၈၀၀၀	-	၆၇၈၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၇. ၇
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၆. ၉၄
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၂၄၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၇. ၀၉
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၃၁၂
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၅၈. ၂၉
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၆. ၁၈၉
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	= ၉၁၆. ၉၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၄. ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ဖော်ထုတ်

မအူပင် ဇူလိုင် ၁၀

မအူပင်ခရိုင် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာ၌ မအူပင်ခရိုင် စက်မှုလယ်ယာဦးစီးဌာနမှ စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လအတွင်း ဧက ၁၀၀ ဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ လယ်ယာမြေ ဧက ၁၀၀ အား ထွန်စက်များဖြင့် မြေညှိခြင်း၊ ထွန်ယက်ခြင်း၊ ဧကလွတ်များ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောင်ခိုင်-မအူပင်)**



ပြည်တွင်းရေးရာ

☆ လူငယ်များမှ

အခြေခံထား လေ့လာခြင်းဖြင့် သိရှိနိုင်ပါကြောင်း၊ ကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံကျော်ရှိသည့်အနက် ၁ ဒသမ ၈ ဘီလီယံသည် အသက်(၁၀)နှစ်မှ (၂၄)နှစ်အတွင်းရှိသည့် လူငယ်များဖြစ်ကြပြီး ကမ္ဘာ့လူဦးရေ၏ လေးပုံတစ်ပုံရှိသည့်အတွက် လူ့သမိုင်းတစ်လျှောက် အကြီးမားဆုံး မျိုးဆက်ဖြစ်လာမည်ဖြစ်ပါကြောင်း။

အဆိုပါ မျိုးဆက်များကို ပြုစုပျိုးထောင်ပေးခြင်းသည် နိုင်ငံ၏အနာဂတ် လှပသာယာစေရန် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါကြောင်း၊ ၂၀၁၀ ခုနှစ်စာရင်းများအရ အာရှဒေသတွင် လူငယ် ၂၈ ရာခိုင်နှုန်းကျော်ရှိပြီး အာဖရိကဒေသတွင် ၃၀ ရာခိုင်နှုန်းအထိ ရှိပါကြောင်း၊ အဆိုပါအချိုးအစားသည် လာမည့် ၂၅ နှစ်အတွင်းတွင် ကျဆင်းလာမည်ဟု လူဦးရေပညာရှင်များက ခန့်မှန်းထားကြသော်လည်း ဥရောပဒေသမှလွဲ၍ ကျန်ဒေသကြီးများတွင် ၂၀ ရာခိုင်နှုန်းအထက် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး အာဖရိကဒေသတွင် ၂၀၃၅ ခုနှစ်အထိ လူငယ်အချိုးအစားသည် ၃၀ ရာခိုင်နှုန်းတွင် ဆက်လက်တည်ရှိနေမည်ဖြစ်ပါကြောင်း။

လူငယ်အရေအတွက် လျင်မြန်စွာတိုးပွားမှုဖြစ်စဉ်သည် အထူးသဖြင့် ဝင်ငွေနည်းသည့် နိုင်ငံများတွင် ဖြစ်ပေါ်လေ့ရှိပြီး ယင်းနိုင်ငံများ၏ ပညာရေး အဆင့်အတန်းသည် နိမ့်ကျသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုသည်လည်း အားနည်းလျက်ရှိပါကြောင်း၊ ထို့အတူ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိရန်လည်း ခဲယဉ်းပါကြောင်း၊ သို့သော် ယနေ့လူငယ်များသည် ယခင်မျိုးဆက်များနှင့်နှိုင်းယှဉ်လျှင် ပိုမိုလွတ်လပ်ပြီး မိမိကိုယ်တိုင်ဆုံးဖြတ်ရွေးချယ်ပိုင်ခွင့်ရှိသည့် အခွင့်အလမ်းများ ပိုင်ဆိုင်နိုင်ကြပြီဖြစ်ပါကြောင်း။

ကမ္ဘာတစ်လွှားတွေ့ကြုံနေရသည့် လူငယ်ဆိုင်ရာ ပြဿနာရပ်များကို လေ့လာကြည့်လျှင် တစ်နေ့ နှစ်ဒေါ်လာအောက်ဝင်ငွေရှိသည့် လူငယ် ၅၁၅ သန်းရှိပါကြောင်း၊ ထိုသန်းပေါင်းများစွာသော လူငယ်များသည် ကျားမခွဲခြားဆက်ဆံမှု၊ မသန်စွမ်းမှုနှင့် အခြားအားနည်းချက်များကြောင့် ဆုံးရှုံးနစ်နာမှုနှင့် နိမ့်ကျမှုများကြုံတွေ့နေရပါကြောင်း။

ကမ္ဘာတစ်ဝန်းကျောင်းနေအရွယ် ဆယ်ကျော်သက် ၆၉ သန်းခန့်သည် ကျောင်းပြင်ပတွင် ရောက်ရှိနေပါကြောင်း၊ ဆာဟာရအောက်ပိုင်း အာဖရိက၊ တောင်အာရှနှင့် အနောက်အာရှများတွင် ကျောင်းထွက်နှုန်း အမြင့်ဆုံးဖြစ်နေသည်ကို စာရင်းဇယားများက ပြဆိုလျက်ရှိကြောင်း။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် ယောကျာ်းလေး လေးပုံတစ်ပုံနှင့် မိန်းကလေးသုံးပုံတစ်ပုံခန့်သည် စာတတ်မြောက်ခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ယင်းကဲ့သို့ အဖြစ်မျိုး ရှောင်ရှားနိုင်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် အခမဲ့မူလတန်းသင် ပညာရေးစနစ်ချမှတ်ခဲ့ပြီး ယခုနှစ်တွင်လည်း အခမဲ့ပညာသင်ကြားခွင့်စနစ်ကို ထပ်မံပြောင်းလဲသတ်မှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍လည်း အမျိုးသမီးငယ် ၁၀ ရာခိုင်နှုန်းခန့်သည် အသက်(၁၅)နှစ် မပြည့်ခင်တွင် ဆန္ဒမရှိဘဲ ကိုယ်ဝန်ရရှိနေကြပြီး အသက်(၁၅)နှစ်မှ (၁၉)နှစ်အတွင်းရှိ အမျိုးသမီးငယ် ၁၅ သန်းခန့်သည် နှစ်စဉ် ကလေးမွေးဖွားလျက်ရှိကြောင်းနှင့် အသက်(၁၀)နှစ်နှင့် (၁၉)နှစ်ကြား ဆယ်ကျော်သက်အရွယ် နှစ်သန်းကျော်သည် အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံနေကြရပါကြောင်း၊ ယင်းအခြေအနေများသည် နိုင်ငံများ၏ အနာဂတ်ကို ခြိမ်းခြောက်လျက်ရှိသောကြောင့် လူငယ်များ၏ အန္တရာယ်များသည့် အပြုအမူအလေ့အထများကို ပညာပေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ပြုပြင်ကြရမည်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ် စာရင်းများအရ ကမ္ဘာပေါ်တွင် အလုပ်လက်မဲ့ ၂၀၂ သန်းခန့်ရှိသည့်အနက် ၇၄ ဒသမ ၅ သန်းသည် အသက်(၁၅)နှစ်မှ (၂၄)နှစ်အတွင်းရှိ လူငယ်များဖြစ်သည့်အတွက် လူငယ်များ၏ အလုပ်လက်မဲ့ရာခိုင်နှုန်းသည် အရွယ်ရောက်ပြီးသူများထက် သုံးဆခန့် ပိုမိုမြင့်မားနေကြောင်း။

မြန်မာနိုင်ငံတွင် အသက်(၁၀)နှစ်မှ (၂၄)နှစ်အထိ လူငယ်ဦးရေသည် စုစုပေါင်းနိုင်ငံလူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိနေသည့်အတွက် လူငယ်များ၏ အခက်အခဲများနှင့် စိန်ခေါ်မှုများကို ကူညီဖြေရှင်းပေးခြင်းသည် အနာဂတ်အတွက် ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် ကလေးသူငယ်များဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ၁၉၉၀ ခုနှစ်ကတည်းက လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သောကြောင့် စာချုပ်ပါအခွင့်အရေး(၄)ရပ်ဖြစ်သည့် အသက်ရှင်ခွင့်ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ခွင့်ရရှိရေး၊ ကာကွယ်စောင့်ရှောက်ခွင့်ရရှိရေးနှင့် လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးကိုပါ ထည့်သွင်းရင်းနှီးမြှုပ်နှံပေးရမည်ဖြစ်ပါကြောင်း။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ လူငယ်လူရွယ်များကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီးကို တည်ဆောက်နိုင်စေရန် ဆယ်ကျော်သက်အရွယ်မှ လူကြီးဖြစ်သည်အထိ ဘဝကို ကျန်းမာလုံခြုံပြီး အောင်မြင်စွာ ဖြတ်သန်းသွားနိုင်စေရေး၊ အရည်အသွေးပြည့်ဝသည့် အသိပညာအတတ်ပညာကျွမ်းကျင်မှုပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ အမျိုးသမီးငယ်များကို မူလတန်းပညာနှင့် အဆုံးမသတ်စေဘဲ အလယ်တန်းနှင့် အထက်တန်းပညာများ ဆက်လက်သင်ကြားခွင့်ရရှိစေရေးနှင့် လူငယ်များ၏ ဘဝကို အကျိုးသက်ရောက်စေမည့် ဆုံးဖြတ်ဆောင်ရွက်ချက်များတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ်နိုင်မည့် အခွင့်အရေးများ ရရှိစေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်အစိုးရနှင့်အတူ မိသားစုဝင်များအပြင် သက်ဆိုင်သူများအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကိုယ်စားလှယ် မစ္စဂျဲနက်ဂျက်ဆွန်က ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ဆောင်ရွက်ချက်များကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်က ၂၀၁၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ဖြစ်သည့် **“လူငယ်အရေး အလေးပေးကာ၊ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပါ”** ခေါင်းစဉ်နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

✳ ဟိုင်းကြီးကျွန်းမှ

ဝင်ထွက်သွားလာမှု များပြားလာကြသည်။ ပုသိမ်-ဟိုင်းကြီး-မော်တင်-ကျောက်ချောင်း ခရီးသည်တင် မော်တော်ယာဉ်လိုင်းများလည်း ပြေးဆွဲလာကြသည်။

ရန်ကုန်-ပုသိမ်-ဟိုင်းကြီးကျွန်း ကံထူးအောင်မော်တော်ယာဉ်လိုင်းကလည်း ရန်ကုန်မြို့ လှိုင်သာယာအဝေးပြေးဂိတ်မှ နေ့စဉ် ညနေ ၆ နာရီမှ စတင်ထွက်ခွာပြီး ပုသိမ်မြို့ကိုဖြတ်သန်း၍ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲသို့ နံနက် ၅ နာရီအရောက် ပြေးဆွဲလျက်ရှိသည်။

ထို့ကြောင့် ပုသိမ်-ဟိုင်းကြီးကျွန်း ခရီးစဉ်တစ်လျှောက်ရှိ သလပ်ခွာ၊ ငရုတ်ကောင်းတောင်၊ ကျုံကူး၊ မရမ်းကွင်း၊ ငပြေမ၊ ကုန်းတန်း၊ ကညင်ချောင်း၊ ကျောက်ချောင်း အစရှိသော ကျေးလက်တောရွာများသို့ ဖြတ်သန်းသွားလာရသဖြင့် ဒေသခံဆားလုပ်ငန်းတောင်သူများ၊ သစ်၊ ဝါး၊ မီးသွေးလုပ်ငန်းလုပ်ကိုင်သူများ၊ ငါးပိ၊ ငါးခြောက်ကုန်သည်များ၊ ရေလုပ်ငန်းလုပ်ကိုင်သူများမှာ ရောင်းရေးဝယ်တာလည်း ဖွံ့ဖြိုးစည်ပင်လာကြသည်။ ကျောင်းသား ကျောင်းသူ၊ ရုံးသူရုံးသားများလည်း သွားရေးလာရေး ဖြောင့်ဖြူးသာယာလာသဖြင့် ပျော်ရွှင်ဝမ်းမြောက်နေကြသည်။

ထူးခြားမှုမှာ မြတ်စွာဘုရား ပွင့်တော်မူစဉ်ကာလ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တဖုဿ၊ ဘလ္လိကညီနောင်တို့ ပင့်ဆောင်လာသော မြတ်စွာဘုရားရှင်၏ ဆံတော်နှစ်ဆူကို ဇေယျသေနနဂါးမင်းက မြတ်မော်တင်တောင်ထွတ်တွင် စေတီဌာပနာပြု၍ ပူဇော်ထားရှိခဲ့သော မဟာမကုဋ္ဌရုံသီဆံတော်ရှင်စေတီတော်သို့ ဝါဆိုဦးဘုရားဖူး သွားရောက်ဖူးမြော်ခွင့်ရရှိကြသကဲ့သို့ မော်တင်ကမ်းခြေတစ်လျှောက် ဒေသန္တရဗဟုသုတရှာဖွေရင်း အပန်းဖြေခရီးစဉ်တစ်ခုအဖြစ်လည်း သွားလာနိုင်တော့မည်ဖြစ်သည်။

(ပုသိမ်လှကြည်)

ဟားခါးမြို့တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားများ စတင်ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၀

ချင်းပြည်နယ် ဟားခါးမြို့တွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက် ၃၀၀ ကီလိုဝပ် နှစ်လုံး၊ ၂၀၀ ကီလိုဝပ် နှစ်လုံးနှင့် ဒီဇယ်မီးစက်များဖြင့် တွဲဖက်ကာ မိုးရာသီကာလတွင် အုပ်စုနှစ်စု မီးပေး၍ ကျန်တစ်အုပ်စုပိတ်၍ လည်းကောင်း၊ နွေရာသီကာလတွင် တစ်အုပ်စု မီးပေး၍ ကျန်နှစ်အုပ်စုအလှည့်ကျ မီးပိတ်စနစ်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့သည်။ အချိန်ပိုင်းသာ ဓာတ်အားပေးနိုင်ခဲ့၍ ဓာတ်အားလုံလောက်မှုမရှိသည့်အတွက် တိုးပွားလာသော မီးသုံးစွဲသူများနှင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဓာတ်အားဖြန့်ဖြူးနိုင်မှုမရှိခဲ့ပါ။

နိုင်ငံတော်က ချင်းပြည်နယ်မြို့များ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားစနစ်မှ ဓာတ်အားရရှိရန် ဂန့်ဂေါ-ဟားခါး ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၇ မိုင် တည်ဆောက်ခြင်း၊ ဟားခါးမြို့တွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ဟားခါးမြို့အတွင်း ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများကို အချိန်တိုအတွင်း ပြီးစီးအောင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ဇူလိုင် ၈ ရက် ညနေ ၃ နာရီမှစ၍ ဟားခါးမြို့သို့ ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။ ဟားခါးမြို့တွင် ၂၄ နာရီ ဓာတ်အားရရှိပြီးဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများနှင့် ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားကို ပြည့်ဝစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မွန်ဂိုလီးယားသမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၁၁

ဇူလိုင် ၁၁ ရက်တွင် ကျရောက်သော မွန်ဂိုလီးယားနိုင်ငံ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လို့ဆန်ဝန်ဒန်ဂင် ဘိုးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား ညစာဖြင့်တည်ခင်း

နေပြည်တော် ဇူလိုင် ၁၀

ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာပါလီမန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ အိချိရို အအိစာဝါ ဦးဆောင်သောအဖွဲ့အား အမျိုးသားလွှတ်တော် ဂျပန်-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဇူလိုင် ၉ ရက် ညနေ ၆ နာရီခွဲတွင် ရွှေ့ရယ်အေစီအီးဟိုတယ် ရာမညခန်းမ၌ ညစာဖြင့်တည်ခင်းဧည့်ခံပြီး ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦး၊ မစ္စတာ အိချိရို အအိစာဝါနှင့် ဒေါက်တာခင်ရွှေတို့က အမှာစကားပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံ စစ်ရေးဆက်ဆံမှု မြှင့်တင်ရန် တရုတ်နှင့်အမေရိကန် သဘောတူညီ

ဇူလိုင် ၈ ရက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီးတို့ မဟာတံတိုင်းကြီးသို့ အလည်အပတ်ရောက်ရှိကြစဉ်။

ပေကျင်း ဇူလိုင် ၁၀

တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် စစ်ရေးဆက်ဆံမှုမြှင့်တင်ရန်နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်း၌ ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူညီလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော်ပေကျင်း၌ ဇူလိုင် ၁၀ ရက်က ကျင်းပသော တရုတ်-အမေရိကန် နှစ်ပတ်လည် အထက်တန်း တာဝန်ရှိသူများအဆင့် ဆွေးနွေးပွဲ၌ အထက်ပါအတိုင်း သဘောတူညီကြခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ အမေရိကန်ဘက်မှ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဘဏ္ဍာရေးဝန်ကြီး ဂျာကော့လူး၊ တရုတ်နိုင်ငံဘက်မှ ဒုတိယဝန်ကြီးချုပ် ဝမ်ယန်းနှင့် ထိပ်တန်းသံတမန် ယန်ဂျေချီတို့ တက်ရောက်ခဲ့ကြသည်။

မဟာဗျူဟာနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် ပဉ္စမအကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ ယခုနှစ်ဆွေးနွေးပွဲ၌ စီးပွားရေးမှသည် ဒေသဆိုင်ရာ နိုင်ငံရေးအခြေအနေများအထိ ဆွေးနွေးခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အရပ်ဘက်လုံခြုံရေးနှင့် စစ်ဘက်ဆိုင်ရာ ဆက်ဆံမှုမြှင့်တင်ရေးတို့နှင့် ပတ်သက်၍ နှစ်နိုင်ငံ သဘောတူညီမှု ရရှိခဲ့ကြသော်လည်း ကွန်ပျူတာ ကွန်ရက်လုံခြုံရေးနှင့် ပင်လယ်ရေကြောင်း လုံခြုံရေးကိစ္စရပ်တို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြရာတွင် တိုးတက်မှုအနည်းအကျဉ်းမျှသာရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

တောင်တရုတ်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်တို့ရှိ မိမိတို့၏ ပိုင်နက်နယ်မြေများကို မဆုတ်မနစ် ကာကွယ် စောင့်ရှောက်သွားရန် မိမိတို့က အလေးအနက်ပြုပြောကြားခဲ့ကြောင်း တရုတ်ဒုတိယဝန်ကြီးချုပ်ဝမ်ယန်းက သတင်းထောက်များအား ပြောကြားသည်။

ရိုက်တာ။

အစ္စရေးက ဂါဇာကို လေကြောင်းမှ တိုက်ခိုက်၊ ၇၆ဦးသေဆုံး

ဂျေရုဆလင် ဇူလိုင် ၁၀

စစ်သွေးကြွများက ၎င်းတို့ နိုင်ငံအတွင်းသို့ ဒုံးကျည်များ ပစ်ခတ်ခြင်းကို တားဆီးရန် ရည်ရွယ်လျက် အစ္စရေးသည် ဂါဇာကမ်းမြောင်ဒေသကို ကြာသပတေးနေ့ စောစောပိုင်းတွင် လေကြောင်းမှ တိုက်ခိုက်ခဲ့ရာမှ တစ်နေ့လုံး တစ်ဟုန်ထိုး ဆက်လက်တိုက်ခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသကို တစ်နေ့လုံး ဗုံးကြဲတိုက်ခိုက်ရာ အမျိုးသမီးများနှင့် ကလေးများ အပါအဝင် ပါလက်စတိုင်း ၇၆ဦး သေဆုံးခဲ့ပြီး တနင်္လာနေ့ စတင် တိုက်ခိုက်ကတည်းက ၅၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများက ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက လက်ရှိ စစ်ဆင်ရေးကို တိုးချဲ့မည်ဖြစ်ကြောင်း၊ အစ္စရေးတို့ကို ဒုံးကျည်ဖြင့် ပစ်ခတ်မှု ရပ်ဆိုင်းသွားကာ တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိသည်အထိ ဆက်လက်တိုက်ခိုက်မည်ဖြစ်ကြောင်း ပြောကြားသည်။

အစ္စရေးနိုင်ငံတောင်ပိုင်းသို့ နယ်စပ်ဖြတ်ကျော်၍ ဒုံးကျည်များ ဆက်လက်ပစ်ခတ်နေသဖြင့် ဟားမား(စ်)အဖွဲ့နှင့် ဂါဇာရှိ အခြားသော စစ်သွေးကြွအုပ်စုများက လက်လျှော့သွားကြမည့်လက္ခဏာ မတွေ့ရပေ။

ဂါဇာကမ်းမြောင်ဒေသကို မြေပြင် ထိုးစစ်ဆင်နွှဲဖွယ်ရာရှိကြောင်း အစ္စရေးတာဝန်ရှိသူအချို့က အရိပ်အမြွက်ပြောကြားသည်။

နေတန်ယာဟုက တနင်္လာနေ့မှ စတင်ခဲ့သော စစ်ဆင်ရေးအား လက်ရှိအနေအထားမှ မည်သို့ တိုးချဲ့မည်ကို တိတိကျကျမပြောသော်လည်း အစ္စရေးတပ်မတော်က ဖြစ်နိုင်ဖွယ်ရာ အားလုံးကို ပြင်ဆင်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

စီအင်န်အင်န်။

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အဆောက်အအုံများ ပျက်စီးနေသည်ကို တွေ့ရစဉ်။

တာတိုပစ်ဒုံးကျည်နှစ်စင်း မြောက်ကိုရီးယား ပစ်ခတ်

ဆိုးလ် ဇူလိုင် ၁၀

မြောက်ကိုရီးယားသည် တာတိုပစ်ဟု ယူဆရသော ဒုံးကျည်နှစ်စင်းကို ပင်လယ်ပြင်အတွင်းသို့ ပစ်ခတ်ခဲ့ကြောင်း တောင်ကိုရီးယားကပြောသည်။

ရက်သတ္တနှစ်ပတ်အတွင်း စတုတ္ထအကြိမ်မြောက် စမ်းသပ်ပစ်ခတ်ခြင်း ဖြစ်သည်။

အနောက်ပိုင်းပြည်နယ်တစ်ခုမှ ကိုရီးယားကျွန်းဆွယ်၏ အရှေ့ဘက်ပင်လယ်ပြင်အတွင်းသို့ ဗုဒ္ဓဟူးနေ့နံနက်စောစောပိုင်းတွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူများက ပြောသည်။ မကြာသေးမီက တရုတ်သမ္မတ တောင်ကိုရီးယားနိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့ပြီးနောက် ဤသို့ပစ်ခတ်ခြင်းဖြစ်သည်။

ဒုံးကျည်များသည် မိုင် ၃၁၀ ခန့် ပျံသန်းပြီး နိုင်ငံတကာ ရေကြောင်းပိုင်နက်အတွင်းသို့ ကျရောက်ခဲ့ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ဘီဘီစီ။**

ကမ္ဘာ့ဖလားလက်မှတ် မှောင်ခိုမှု အရေးယူ

ရီယိုဒီဂျနေရိုး ဇူလိုင် ၁၀

ဘရာဇီးရဲတပ်ဖွဲ့သည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်းကုမ္ပဏီမှ ဒါရိုက်တာ တစ်ဦးအပါအဝင် လူ ၁၂ ဦးကို ဘောလုံးပွဲလက်မှတ်များ တရားမဝင် ရောင်းချကြသည်ဟု စွပ်စွဲထားသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ လုပ်ဖော်ကိုင်ဖက် ကုမ္ပဏီဖြစ်သည့် မက်ချ်ဟော့စပီတဲလ်တီတွင် အလုပ်လုပ်လျက်ရှိသည့် ရေးဝီးလန်းကို ရီယိုဒီဂျနေရိုးမြို့၌ တနင်္လာနေ့တွင် ထိန်းသိမ်းခဲ့ပြီး စစ်ဆေးမေးမြန်း၍ ပြန်လွှတ်ပေးခဲ့သည်။

ဝီးလန်းက ၎င်းသည် မည်သည့် အမှားမျှ ကျူးလွန်ခဲ့ခြင်းမရှိကြောင်း ငြင်းဆို၍ ၎င်း၏ နိုင်ငံကူးလက်မှတ်ကို သက်ဆိုင်ရာသို့ အပ်နှံထားရသည်။

နိုင်ငံတကာဆိုင်ရာဂိုဏ်းသည် ဘောလုံးပွဲ တစ်ပွဲလျှင် ဒေါ်လာသန်း ၉၀ ခန့် ရရှိသည်ဟု ဆိုကြသည်။ ကမ္ဘာ့ဖလား ဘောလုံးပွဲ လေးပွဲတွင် စီးပွားရှာခဲ့ပြီးပြီဟု ယူဆရသည်။

၎င်းဂိုဏ်းသည် လက်မှတ်ရောင်းဝယ်ရာတွင် အရေးကြီးပုဂ္ဂိုလ်များ၏ လက်မှတ်များ (ဗွီအိုင်ပီ)နှင့်အထူးဧည့်သည်ဝင်ခွင့် လက်မှတ်များကို မှောင်ခိုရောင်းဝယ်ကြခြင်း ဖြစ်သည်ဟု ယုံကြည်ရသည်။

အဆိုပါ သံသယရှိသူ ၁၂ ဦးကို တရားမဝင် လက်မှတ်ရောင်းဝယ်သည်ဟုလည်းကောင်း၊ ဒုစရိုက် ဂိုဏ်းဖွဲ့စည်းသည်ဟုလည်းကောင်း တရားဝင် စွပ်စွဲထားသည်။ **ဘီဘီစီ။**

တောင်တက်သမား ရုပ်အလောင်းကို ရှာဖွေတွေ့ရှိ

ပါရီ ဇူလိုင် ၁၀

ဥရောပတိုက်တွင် တည်ရှိသည့် အဲလ်ပ်တောင်တန်းမှ အမြင့်မားဆုံး မောင့်ဘလန့်တောင်တွင် လွန်ခဲ့သည့် နှစ် ၃၀ ကျော်က တောင်တက်စဉ် သေဆုံးသွားခဲ့သော တောင်တက်လမ်းပြနှင့် တောင်တက်နည်းပြဆရာတစ်ဦး၏အေးခဲနေသောရုပ်အလောင်းများကို ဇူလိုင် ၉ရက်နေ့တွင် ရှာဖွေ တွေ့ရှိရကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အသက် ၂၃ နှစ် အရွယ်ရှိ ပြင်သစ်လူမျိုး ပက်ထရစ်ဟိုင်းဗက်သည် ၁၉၈၂ ခုနှစ် မတ်လအတွင်းက မောင့်ဘလန့်တောင်ထွတ်ပေါ်သို့ တစ်ကိုယ်တော် စွန့်စားတက်ရောက်ခဲ့သူဖြစ်သည်။ ၎င်းသည် ရာသီဥတု ဆိုးရွားနေချိန်အတွင်း တောင်ပေါ်မှ လိမ့်ကျခဲ့ပြီး သေဆုံးခဲ့ရသည်ဟု ယူဆရသည်။ ရေခဲနေသည့် ရုပ်အလောင်းကို ဇူလိုင် ၉ ရက်တွင် အမြင့်ပေ ၁၃၅၀၀ ရှိ တောင်တန်းတစ်နေရာရှိ ရေခဲမြစ်တစ်စင်းအတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သေဆုံးနေသူအား မည်သူမည်ဝါအဖြစ်အတည်ပြုနိုင်ခြင်းမှာ ၎င်း၏ အဝတ်အထည် အသုံးဆောင်များအရဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

အီရတ်နှင့် ထိစပ်နေသောနယ်စပ်၌ တပ်ဖွဲ့များ ဖြန့်ကြက်ရန် ကူဝိတ်စီစဉ်

အဘူဒါဘီ ဇူလိုင် ၁၀

အီရတ်နိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေသော ဒေသ၌ မိမိတို့၏ တပ်ဖွဲ့များကို ဖြန့်ကြက်ရန် စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင်၁၀ရက်တွင်သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသတစ်လျှောက်၌ ကြည်းတပ်တပ်ဖွဲ့များကို ပြန်လည်ဖြန့်ကြက်ရန် ကူဝိတ်နိုင်ငံက ဆုံးဖြတ်ခဲ့သည်။ အိမ်နီးချင်း အီရတ်နိုင်ငံ၌ ဆွန်နီစစ်သွေးကြွအဖွဲ့က မြို့များကို သိမ်းပိုက်လျက်ရှိနေချိန်တွင် နယ်စပ်ဒေသလုံခြုံရေးအတွက် ကူဝိတ်နိုင်ငံက စီစဉ်ခြင်းဖြစ်သည်။

အီရတ်နှင့်ကူဝိတ်နိုင်ငံအကြား စစ်မဲ့ဇုန်နယ်မြေတစ်ရပ်ကို ထူထောင်ခဲ့သည်။ ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲအပြီးတွင် ယင်းစစ်မဲ့ဇုန်ကို ထူထောင်ခဲ့သည်။ ကူဝိတ်နိုင်ငံသည် ယင်းဇုန်နယ်မြေကို ငါးကီလိုမီတာ ထပ်မံတိုးချဲ့ရန် ဆုံးဖြတ်ခဲ့သည်။ ကူဝိတ်နိုင်ငံသည် အီရတ်နိုင်ငံနှင့် ၂၁၇ ကီလိုမီတာ အရှည်ရှိ နယ်စပ်ဒေသကို မျှဝေပိုင်ဆိုင်သည်။

စစ်မဲ့ဇုန်သဘောတူညီချက်အရ နယ်စပ်ဒေသအတွင်းသို့ စိမ့်ဝင်ထိုးဖောက်မှုများပြုလုပ်ပါက မသင်္ကာဖွယ်ရာ ဖြစ်ရပ်နှင့် ပတ်သက်၍ သတင်းအချက်အလက်ဖလှယ်ရန်ဖြစ်သည်။ စစ်မဲ့ဇုန်တွင် လုံခြုံရေးကင်မရာများတပ်ဆင်ထားသော်လည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အားနည်းမှုကြောင့် ယခုအခါကင်မရာများ အလုပ်မလုပ်တော့ဟုဆိုသည်။

ရိုက်တာ။

အီရတ်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသ၌ လုံခြုံရေး စောင့်ကြပ်နေသော ကူဝိတ်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ပြည်တွင်းရေးရာ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ပညာသင်ထောက်ပံ့ပေးရခြင်း ရည်ရွယ်ချက်နှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အထက(၁) ပခုက္ကူမှ မလမင်းမေသော်၊ အထက(သုဝဏ္ဏ)မှ မကြည်ဇင်သန့်နှင့် အထက(၁) မြောက်ဥက္ကလာပမှ မအေးသီရိတို့အား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် မောင်ဇော်ထက်နိုင်အောင်၊ မောင်အောင်ကျော်ဇော၊ မောင်ဟိန်းကျော်ထက်နှင့် မယွန်းနှင်းအိမ်တို့အား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး ဌာနဆိုင်ရာ အကြီးအကဲများက လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရရှိကြသူများအား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဝန်ထမ်းများ၏ ကျောင်းနေ သားသမီးများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်သည်။

ယနေ့အခမ်းအနားတွင် ဝန်ထမ်းများ၏ ကျောင်းနေသားသမီး ၃၀၁၃ ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၁၇၉ သိန်းကျော်နှင့် ဗလာစာအုပ် ၅၁၆၁ ဒါဇင်ကျော်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေမြင့်မှ
လူမျိုးတင့်မည်

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ပေးပို့သောသဝဏ်လွှာ

ယနေ့ကမ္ဘာကြီးတွင်ရှိသည့် သန်းပေါင်းတစ်ထောင့်ရှစ်ရာသော လူငယ်များ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူငယ်များသည် လူသားများရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှုများအား ကူညီဖြေရှင်းရန် ကြီးမားသော ဖြစ်နိုင်ခြေများနှင့်အတူ သမိုင်းတွင် အကြီးမားဆုံးသော မျိုးဆက်များဖြစ်ကြသည်။ သို့သော် လူငယ်အများစုမှာ အရည်အသွေးပြည့်မီသော ပညာရေးသင်ယူရန်၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရှာဖွေရန်၊ လူမှုအဖွဲ့အစည်းများရှိ နိုင်ငံရေးလှုပ်ရှားမှုတွင်ပါဝင်ဆောင်ရွက်ရန် ရသင့်ရထိုက်သော အခွင့်အလမ်းများအတွက် ငြင်းဆန်ခြင်းခံနေရသည်။ ကမ္ဘာ့လူဦးရေနေ့သည် လူငယ်များအား လူမှုအဖွဲ့အစည်းတွင်ဖြစ်ပေါ်တိုးတက်မှု လုပ်ဆောင်နိုင်ရေးအတွက် ကူညီပေးရန် ကျွန်ုပ်တို့၏ ကတိကဝတ်ကို ပြန်လည်အစပြုရန် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်ချက်များမှာ အရေးတကြီးလိုအပ်နေသည်။ ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ရန် လိုအပ်နေသည့် လူငယ်အများအပြားမှာ အရင်းအနှီးများချို့တဲ့နေသည်။ ခွဲခြားဆက်ဆံမှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ဆောလျင်စွာ လက်ထပ်ထိမ်းမြားခံရမှုနှင့် မလိုလားအပ်သော ကိုယ်ဝန်ဆောင်ရခြင်းများကို ရင်ဆိုင်ရနိုင်သည့် ဆယ်ကျော်သက်မိန်းကလေးများနှင့် ပတ်သက်၍ ကျွန်ုပ်အထူးစိုးရိမ်မိပါသည်။ တက္ကသိုလ်မှ ဘွဲ့ရသည်အထိ ကံကောင်းခဲ့သည့် လူငယ်များပင်လျှင် အများစုမှာ အလုပ်အကိုင်မရှိ (သို့မဟုတ်) ဝင်ငွေနည်းပါးသောအလုပ်နှင့် အသက်အန္တရာယ်ရှိသည့်အလုပ်များတွင် လုပ်ကိုင်နေရသည်ကို တွေ့ရသည်။

လူငယ်များမှာ အရေးပါသော အကူးအပြောင်းကို လူလားမြောက်သောအရွယ်တွင် ကြုံတွေ့နေရသောကြောင့် ကျန်းမာရေး၊ ပညာရေး၊ လေ့ကျင့်ရေးနှင့် အလုပ်အကိုင်စသည့် ရင်းနှီးမြှုပ်နှံမှုများမှာ ၎င်းတို့အတွက် မရှိမဖြစ်လိုအပ်သည်။ ထိုအရာက လူငယ်များ၏ ဘဝရှင်သန်နိုင်ရေး အလားအလာများနှင့် ကျွန်ုပ်တို့၏ ဘုံအနာဂတ်ကို တိုးတက်လာစေမည်ဖြစ်သည်။

ယခုအခါ လူငယ်များကိုယ်တိုင်က ပွင့်ပွင့်လင်းလင်းပြောနေကြသည်။ လူငယ်အဖွဲ့အစည်းတစ်ထောင်ကျော်တို့သည် ယခုနှစ် အစောပိုင်းက နိုင်ငံပေါင်းလေးဆယ်ကျော်က ထောက်ခံခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ လူငယ်အဖွဲ့တွေ့ဆုံပွဲတစ်ခုကို သတ်မှတ်ခဲ့ကြပြီး ၂၀၁၅ နှစ်လွန် ဖွံ့ဖြိုးရေးမျှော်မှန်းချက် ပြည့်မီရေးအတွက် လုပ်ဆောင်ကြမည်ဖြစ်သည်။

လာမည့် ၂၀၁၅ခုနှစ်သည် နောက်ထပ်အစီအစဉ်များ ဖော်ဆောင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တရားဝင် သဘောတူညီချက်များ ချမှတ်ခြင်းအားဖြင့် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်ပြည့်မီရေးအတွက် နောက်ဆုံးအဖြစ် သတ်မှတ်ထားသောနှစ်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်များတွင် လူငယ်များသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ၂၀၁၅ခုနှစ်သည် ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင် ပြည့်မီရေးနှင့်သာမက လူငယ်များဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်၏ နှစ်(၂၀)မြောက် နှစ်ပတ်လည်နေ့လည်းဖြစ်သည်။ ယင်းလုပ်ငန်းစဉ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အစိုးရများက လူ့အခွင့်အရေးလေးစားပြီး လူငယ်များ၏ အခြေခံလွတ်လပ်မှုကို လေးစားကာ ဥပဒေချိုးဖောက်မှုများအပေါ် ထိထိရောက်ရောက် တုံ့ပြန်ရမည်ဖြစ်သည်။

ယခုနှစ်ကမ္ဘာ့လူဦးရေနေ့အခါသမယတွင် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ၌ လူငယ်များကို ဦးစားပေးခြင်း၊ လူငယ်များဦးစီးဦးဆောင်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းနှင့် လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးသက်ရောက်သည့် ဆုံးဖြတ်ချက်အားလုံးတွင် လူငယ်များ ပါဝင်စေခြင်းအားဖြင့် လုပ်ဆောင်ကြရန် အားလုံးကိုတိုက်တွန်းလိုပါသည်။ လူငယ်များအား လုပ်ပိုင်ခွင့်ပေးခြင်းအားဖြင့် နောင်လာ နောက်သားများအတွက် ပို၍ကောင်းမွန်သော အုတ်မြစ်ချမှတ်နိုင်မည်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

UNITED NATIONS DEVELOPMENT PROGRAMME

Vacancy Announcement [illegible]

Title: Area Office Coordinator [illegible]

Title: Area Office Assistant [illegible]

[illegible]

Closing Date: [illegible]



လပြတ်ဝါဆို၊ သံချိုနုတ်ခြွက် ဓမ္မစက်

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

ဝါဆိုလကို ဗေဒင်အခေါ် အားဖြင့် ကရကဋ်ရာသီဟု ခေါ်ခြင်း၊ ပြုဗ္ဗာသာဠ်နက္ခတ်သည် လပြည့်ဝန်းနှင့်အတူ ယုဂန္ဓိုရ်တောင်ထိပ်တွင် ယှဉ်ပြိုင်ထွန်းပခြင်း၊ နေမင်းကား ဖုသျှနက္ခတ်နှင့် ယှဉ်ပြိုင်ခြင်း၊ ရာသီရုပ်မှာ ပုစွန်လုံးဖြစ်ခြင်း၊ ရာသီပန်းမှာပုန်းညက်ပန်း၊ မြတ်လေးပန်းတို့ဖြစ်ခြင်း၊ ရှေးမြန်မာဘုရင်များက ပဥ္စင်းခံပွဲတော်ကို ဤလ၏ ရာသီပွဲတော်အဖြစ်ကျင်းပခြင်း၊ **နေ့မှာဝါဆို၊ ညမှာပြာသို**ဟု ဆိုစကားအတိုင်း ညတာတို၍ နေ့တာအရှည်ဆုံးသော ရက်စုံလဖြစ်ခြင်း၊ မွန်းတည့်ချိန်၌ လူရိပ်မထွက်၊ နေပူတွင်ရပ်နေပါက လူရိပ်သည် လူ့အောက်တွင် ပျောက်ကွယ်နေခြင်းကို **ဝါဆိုလူ့အောက်၊ အရိပ်ပျောက်**ဟု ခေါ်ဆိုကြခြင်း စသည်တို့ကို အကြောင်းပြုလျက် မဟာအတုလမင်းကြီးက ဝါဆိုလဘွဲ့လွမ်းချင်းတွင် **"ကိုးခွင်ငယ်မှိုင်းပါလို့၊ မြင်တိုင်းမှာတဲ့မည်းညို၊ လှဲ့လှဲ့ငယ်စို၊ ယုဂန္ဓိုရ်တောင်မဟာက၊ ပြုဗ္ဗာသာဠ်ထွန်းတဲ့လကိုလေး၊ ဆင်တာရာငယ် ရာသီကရကဋ်၊ နရိန္ဒာလဲ ညာတောင်နတ်နှင့် ဖိုလ်မြတ်ကယ်နိဗ္ဗူ အောင်ဆုယူလို့၊ ရှစ်ဖြူရိပ်စံ၊ ပဥ္စင်းတော်ခံသောအခါ၊ ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမာလာမင်းက၊ သင်းလှတယ်လေး. ."**ဟု စပ်ဆိုခဲ့လေသည်။

ဤဝါဆိုလသည် နွေတစ်ပိုင်း၊ မိုးတစ်ပိုင်း ရောနှော နေသော လရာသီဖြစ်ပြီး နွေနှောင်းကာလဖြစ်သည့် နည်းတူ မိုးဦးလလည်းဖြစ်ပါသည်။ နွေလည်းမပီ၊ မိုးမမည်သေးသော စပ်ကူးမပ်ကူးကာလ၊ နွေလိုလို မိုးလိုလို မသဲမကွဲ ဖြစ်ပေါ်နေသော အခါသမယဖြစ်သည်နှင့် အညီ ကြည့်ရှုမြင်တွေ့ရသည်မှာ နွေနှင့်မိုးတစ်ဝက်စီ ခြယ်ထားသော နှစ်ရောင်ခြယ် နွေမိုးသရုပ်ဖော်ပန်းချီကားချပ်ကြီးသဖွယ် ကြည်နူးခံစားရမည်ဖြစ်သည်။

"ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး" ဆိုသည့်အတိုင်း တောတန်းတစ်လျှောက်၌ ဖွေးဖွေး ဖြူအောင် ပွင့်နေကြသည့် မိကျောင်းပန်းများကို မြင်တွေ့နိုင်ပြီး **"ဝါဆိုငယ်မှ ဝါခေါင်၊ ရေဖောင်ဖောင်နှင့်၊ ရွှာတောင်ကချောင်း"** ဆိုသည်နှင့်အညီ ဝါဆိုလတွင် မိုးသည်းထန်စွာ ရွာသွန်းသည့်အတွက် မြစ်၊ ချောင်း၊ အင်းအိုင်များ၌ ရေများ ပြည့်လျှံနေပြီး အာကာသ မိုးကောင်းကင်တွင်လည်း ညိုမည်းသော မိုးသားလိပ်ကြီးများ အုပ်စုဖွဲ့ကာ စဉ်ဆက်မပြတ် ရွေ့လျားနေကြသဖြင့် အရပ်ရှစ်မျက်နှာ တစ်ခွင်လုံးဝယ် မှုန်မှိုင်းအုံ့ဆိုင်း၍ နေကြပေသည်။

မိုးဦးကာလဝါဆိုလ၏ မိုးကောင်းကင်ဝယ် အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်၊ အမည်းရောင်၊ အဖြူရောင် စသည့် ဆေးရောင်စုံများ စီခြယ်ထားသော ချစ်စဖွယ် တိမ်တိုက်များအကြားမှ တစ်ခါတစ်ရံ လျှပ်နွယ် လျှပ်ပန်းများ ထိုးထွက်လာပုံနှင့် ဝါဆိုလ၏ ရွာသွန်းသော မိုးကြောင့် မြစ်ပြင်ကြီးတစ်ခွင်လုံး ရေများဖုံးလွှမ်းနေပုံတို့နှင့်စပ်လျဉ်း၍ တစ်ဆယ့်နှစ်ရာသီ လူးတားဆရာကြီး စာဆိုဦးယာကလည်း ၎င်း၏ ဝါဆိုလဖွဲ့ လူးတားကဗျာတွင် **"ရာသီဇယ၊ ဝါဆိုလဟု၊ မှိုင်းမြူရီမှောင်၊ လျှပ်ရောင်ပြိုးပြက်၊ မည်းနက်ဖြူပြာ၊ ခိုးမိလ္လာနှင့်၊ စိမ်းဝါနီပြောင်၊ ရွာသွန်းဆောင်၍၊ သဲသောင်ရေသွယ်၊ ရှယ်၍မြစ်ကမ်း၊ ပြည့်တင်းကျမ်းနှင့်၊ လွမ်း၍မအီ၊ သည်ရာသီတွင်"**ဟု လွမ်းဆွေးဖွယ်ရေးဖွဲ့ခဲ့ပါသည်။

ဤဝါဆိုလနှင့် စပ်လျဉ်းပြီး **"သန္ဓေတောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ"**ဆိုသည့်အတိုင်း ဗုဒ္ဓသာသနာတော် သမိုင်းတွင် ထူးခြားသောဖြစ်စဉ်ကြီးလေးခုသည် ဝါဆိုလပြည့်နေ့များ၌ ဖြစ်ပေါ်ခဲ့ပါသည်။

၎င်းတို့မှာ-

(၁) **သက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့ သန်းခေါင်ယံအချိန်တွင် ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒနမင်းကြီး၏ ကြင်ယာတော် သီရိမဟာမာယာဒေဝီမိဖုရားကြီး၏ ဝမ်းကြာတိုက်တွင် ဘုရားလောင်း သန္ဓေယူတော်မူခြင်း။**

(၂) **ဘုရားလောင်းသိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသည့် နိမိတ်ကြီးလေးပါးကို မြင်တွေ့ပြီးသောအခါ သက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ ညသန်းခေါင်ယံအချိန်၌ တောထွက်တော်မူခဲ့ခြင်း။**

(၃) **သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် သက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့် စနေနေ့ နေဝင်စချိန်၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားတော် စတင်ဟောကြားတော်မူခဲ့ခြင်း။**

(၄) **သက္ကရာဇ် ၁၁၀ ခုနှစ် ဝါဆိုလပြည့်နေ့၌ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်ရှိ သရက်ဖြူပင်ရင်းတွင် တိတ္ထိတစ်သင်းအား ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူခဲ့ခြင်း။**

စသည့် အချက်များအပြင် ၎င်းဝါဆိုလပြည့်နေ့များ၌

(က) **ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ ဖြစ်ခြင်း၊**

(ခ) **တရားရတနာ စတင်ပေါ်ပေါက်သောနေ့ ဖြစ်ခြင်း၊**

(ဂ) **သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ ဖြစ်ခြင်း၊**

(ဃ) **"ဧဟိဘိက္ခု" ဟူသောစကားကို စတင်ကြားနာရသောနေ့ဖြစ်ခြင်း၊**

စသည့် ထူးခြားချက်ဝိသေသများ ရှိကြပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလ မဇ္ဈိမဒေသ၌ ဗုဒ္ဓဂေါတမမြတ်စွာဘုရားသခင် ပွင့်တော်မမူခင် အချိန်က ဂိုဏ်းဆရာကြီး အမျိုးမျိုးတို့သည် အမျိုးမျိုး အဖုံဖုံသော တရားများကို ဟောကြားဖြန့်ချိလျက်ရှိပြီး ၎င်းတို့၏ တရားများကို နာကြားရခြင်းကြောင့် တစ်စုံတစ်ယောက်သော မည်သည့်နတ်၊ ဗြဟ္မာမျှ တရားထူးရရှိလျက် ကျွတ်တမ်းဝင်သည်ဟူ၍ မရှိခဲ့ပေ။ ၎င်းတို့၏ တရားများတွင် အနှစ်သာရအားဖြင့်-

(၁) **ကာမသုခလ္လိကာနုယောဂ** = ကာမဂုဏ်ချမ်းသာ အမျိုးမျိုးခံစားရမှုတရားနှင့်

(၂) **အတ္တကိလမထာနုယောဂ** = နည်းမှန်မဟုတ်သောအားဖြင့် မိမိခန္ဓာကိုယ်ကို ပင်ပန်းစေကာ ကျင့်ကြံကြိုးကုတ် အားထုတ်ရသောတရားစသည့် သံသရာမှ လွတ်မြောက်ကြောင်းမဟုတ်သော အစွန်းတရားကျင့်စဉ် လောကီတရားများသာဖြစ်ကြ၍ လောကအကျိုးကိုသာ ရရှိစေပြီး လောကမှ လွတ်မြောက်ရာနိဗ္ဗာန်သို့ မပို့ဆောင်နိုင်ကြပေ။

မြတ်စွာဘုရားသည် သတ္တဋ္ဌာနတို့၌ သတ္တသတ္တာဟ ခုနစ်ဌာနကို တစ်ဌာနလျှင် ခုနစ်ရက်စီ ၄၉ ရက် တရားဓမ္မဖြင့် မွေ့လျော်တော်မူပြီး တရားဟောတော်မူရန် သဟမ္ပတိ ဗြဟ္မာမင်းကြီး၏ တောင်းပန်လျှောက်ထားချက်ကို လက်ခံတော်မူပါသည်။

ထို့ကြောင့် ဗုဒ္ဓဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် သတ္တဋ္ဌာနစံတော်မူကာ မိဂဒါဝုန်တောသို့ ခြေကျင်ကြွတော်မူ၍ ဝါဆိုလပြည့်နေ့ ညနေချမ်း ညနေခင်းနေဝင်ဆည်းဆာအချိန်တွင် **အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိ** ဟူသည့် ပဉ္စဝဂ္ဂီငါးပါး နှင့်တကွ တစ်သောင်းသော စကြဝဠာမှ လာရောက်ကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား **"ဒွေမေ ဘိက္ခဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ"** အစရှိသော တရားဦးသာသနာပြု ဓမ္မစကြာတရားတော်ကို ရှေးဦးစွာ ဟောကြားတော်မူပါသည်။

ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပြီးသည့် အဆုံး၌ အရှင်ကောဏ္ဍညသည် ပုထုဇဉ်အဖြစ်ကို လွန်မြောက်၍ သောတပန်အရိယာအဖြစ်သို့ ရောက်ရှိကာ မြတ်စွာဘုရားထံ ရှင်ရဟန်းအဖြစ်သို့ ရလိုပါကြောင်း တောင်းပန်လျှောက်ထားသည်။ တရားနာယူရန် လာရောက်ကြကုန်သော သိန်းသန်းမက မြားမြောင်လှသည့် နတ်၊ ဗြဟ္မာတို့သည် "သာဓု" ခေါ်ကြကုန်ပြီး ဗြဟ္မပေါင်း ၁၈ ကုဋေနှင့် မရေမတွက်နိုင်သော နတ်များ အကျွတ်တရား ရကြလေသည်။

မြတ်စွာဘုရားရှင်က ဧဟိဘိက္ခုခေါ်တော်မူကာ ဧဟိဘိက္ခု ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် တရားရတနာနှင့် သံဃာရတနာသို့ စတင်ပေါ်ပေါက်သော နေ့ထူး နေ့မြတ်ပင်ဖြစ်သည်။ ထို့အပြင် မြတ်စွာဘုရားရှင် ဓမ္မစကြာတရားဦးဒေသနာတော် ဟောတော်မူသည်ကို အကြောင်းပြု၍ ဝါဆိုလပြည့်နေ့ကို **ဓမ္မစကြာအခါတော်နေ့** အဖြစ်သတ်မှတ်ကာ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်ကာ ဝါဆိုပန်း၊ ဝါဆိုသင်္ကန်းများ ကပ်လှူကြခြင်းများ ပြုလုပ်ကြပါသည်။

သို့ဖြစ်ရာ ဝါဆိုလပြည့်နေ့၌ အရှင်ကောဏ္ဍညသည် လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၁ ရက်၌ အရှင်ဝပ္ပသည် လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၂ ရက်၌ အရှင်ဘဒ္ဒိယသည် လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၃ ရက်၌ အရှင်မဟာနာမ်သည်လည်းကောင်း၊ ဝါဆိုလပြည့်ကျော် ၄ ရက်နေ့၌ အရှင်အဿဇိသည် လည်းကောင်း သောတာပန်အရိယာအဖြစ်သို့ အသီးသီး ရောက်ရှိကြပြီး ဧဟိဘိက္ခုရဟန်းအဖြစ် ရရှိကြပါသည်။ မြတ်စွာဘုရားသည် ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ **"အနတ္တလက္ခဏသုတ်တော်"**ကို ဆက်လက်ဟောကြားတော်မူခဲ့ပါသည်။ ထိုအနတ္တလက္ခဏဒေသနာတော်၌ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တဖြစ်ပုံသဘောတို့ကို ပြတ်သားထင်ရှားစွာ သိမြင်နိုင်ရန် ဟောကြားတော်မူပါသည်။ ယင်းအနတ္တလက္ခဏဒေသနာတော်ကို ကြားနာရပြီးနောက် ပဉ္စဝဂ္ဂီငါးဦးတို့သည် အာသဝေါကင်းကွာ ရဟန္တာအဖြစ်သို့ ရောက်ရှိကြပါသတည်း။ ။

ဗွားများကုသိုလ် လဝါဆို

❖ ရှစ်တိုင်းပြာညို
ရစ်သိုင်းဝဠာတခိုမှာဖြင့်
ရွာမလို ပဇ္ဇုန်မင်းရယ်က
မာန်တင်းလို့ ဟန်တွေပို။

❖ အသွင်တင့်ပါဘိ
ပင်မြင့်မှာ မွှေးထုံလန်းပါလို့
တင့်ဆန်းစွာ ပုန်းညက်ပန်းတွေက
ပွင့်လန်းတဲ့ လဝါဆို။

❖ လပြည့်ချိန်ခါ
မြတ်ဗုဒ္ဓါလောင်းလျာတစ်ဆူက
သန္ဓေယူတာ သည်ကာလပါပဲ
ဥပရာဇာနန်းလျာဖြစ်ပြန်တော့
သနစ်အမှန်လေးဖြာနိမိတ်ရယ်ကြောင့်
စိုးထိတ်ကာသံဝေယူလို့
မြိုင်ခြေအဋ္ဌတောသို့ လှမ်းရှာခဲ့
နန်းအမတာမှာ ဘဂဝါအရှင်ဖြစ်လာတော့
မိဂဒါသာတဲ့တောမှာလ
ပဉ္စဝဂ္ဂီစုံအညီနဲ့
လူ့ပြည်နတ်ရွာ ဗြဟ္မာများကိုဖြင့်
မြတ်တရား ဓမ္မစကြာ
ဟောကြားတာ သည်ချိန်ခါပေါ့
မလိမ္မာတိတ္ထိတစ်သင်းကိုဖြင့်
ဝပ်စင်းကာ မာန်စွယ်ကျိုးစေဖို့
တန်ခိုးပြာဋိဟာပြခဲ့တာလည်း
သည်အခါသမယပေပေါ့
ဗုဒ္ဓရဲ့မြတ်ဂုဏ်အင်
ဆင်ခြင်ပါလို့ သဒ္ဓါပွား။

❖ ထူးမြတ်လှစွာ
မြတ်ဗုဒ္ဓါရည်မျှော်မှန်းပါလို့
ဖြူနီပြာဝါဆိုပန်းတွေနဲ့
သင်္ကန်းလျာကပ်လှူကြပြီပေါ့
သီလဘာဝနာမြတ်တဲ့တရားကိုဖြင့်
ပွားများကာခေမာနန်းကိုလ
တက်လှမ်းမယ်ကြံရွယ်တွေးပါလို့
ငြိမ်းအေးစွာကုသိုလ်အမှုကိုကွယ်
ပြုကြစို့လား။

ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)



❐ **ပြည်ထောင်စုလွှတ်တော်မှ** နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သည့် ၈-၈-၂၀၁၂ ရက်မှ ယနေ့ကာလအထိ သက်ဆိုင်ရာပြည်သူများ နစ်နာမှုမရှိစေရန် စေတနာထား ကြိုးစားဆောင်ရွက်ခဲ့သည့်အတွက် ပြည်သူများနှင့် နိုင်ငံတော်အကြား ထိုက်သင့်သည့် အဆင်ပြေမှု၊ နားလည်မှုများရရှိခဲ့ပါကြောင်း၊ ကော်မရှင်အနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသင့်သည့် အကြောင်းအရာများ ကျန်ရှိနိုင်သကဲ့သို့ ပြည်သူများကလည်း ဆက်လက်ဆောင်ရွက်ပေးစေလိုသည့် ဆန္ဒရှိကြမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရ နောက်ထပ်အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်သည်အထိ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို ဆက်လက်ထားရှိပြီး လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များကို ဆက်လက်တာဝန်ယူဆောင်ရွက်ရန် အဆိုပြုလိုပါကြောင်း ဖြစ်သည်။

ယနေ့အတည်ပြုခဲ့သည့် **လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း(၄)**၌ မြေယာသိမ်းဆည်းမှုအများစုသည် ခေတ်ကာလအဆက်ဆက် အကြောင်းအမျိုးမျိုးဖြင့် သိမ်းဆည်းခဲ့ကြခြင်းဖြစ်ပြီး သိမ်းဆည်းစဉ် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းများရှိသကဲ့သို့ အချို့သိမ်းဆည်းမှုများသည် တည်ဆဲဥပဒေများနှင့် ညီညွတ်အောင် ဆောင်ရွက်ထားမှုမရှိပါကြောင်း၊ မြေယာသန်းခေါင်စာရင်းကောက်ယူနိုင်မှုမရှိခြင်းသည်လည်း အဓိကအားနည်းချက်တစ်ခုဖြစ်ပါကြောင်း။

မြေယာသိမ်းဆည်းမှုများ ဖြေရှင်းဆောင်ရွက်ပြီးစီးသည့် စာရင်းဇယားများ လေ့လာရာတွင် အချို့ကိစ္စရပ်များကို ယေဘုယျသဘောဖြင့်သာ ဖော်ပြထားခြင်းဖြစ်ပြီး တိကျပြတ်သားသည့် ဖြေရှင်းဆောင်ရွက်မှုမျိုး မတွေ့ရသည့်အပြင် မတူညီသည့်အမှုများအား တစ်ပုံစံတည်း ပြန်လည်ဖြေရှင်းထားခြင်းသည် အမှန်တကယ် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ သံသယဖြစ်ဖွယ်တွေ့ရှိရပါကြောင်း။

နိုင်ငံတော်သမ္မတရုံးက မြို့နယ်အလိုက်ရွေးကောက်တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းညွှန်ကြားထားပါကြောင်း၊ သို့ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီများအနေဖြင့် သမ္မတရုံး၏ လမ်းညွှန်ချက်အတိုင်း တိတိကျကျလိုက်နာကျင့်သုံးရန် လိုအပ်ပါကြောင်း၊ ကော်မရှင်၏ သက်တမ်းကို စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပါကြောင်း၊ ကော်မရှင်၏သက်တမ်းသည် တစ်နှစ်နှင့်ဆယ်လကျော်သို့ ရောက်ရှိနေပြီဖြစ်၍ ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပေးထားသည့် သက်တမ်းကာလထက် ကျော်လွန်နေပြီဖြစ်သောကြောင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်ကို ဖျက်သိမ်းပေးပါရန်နှင့် အစီရင်ခံစာအပိုင်း(၄)အား အတည်ပြုဆုံးဖြတ်ပေးပါရန် တင်ပြပါကြောင်း ပါရှိသည်။

အဆိုပါအစီရင်ခံစာအပေါ် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းကလည်း စုံစမ်းရေးကော်မရှင်မှ ဖော်ပြထားသော အစီရင်ခံစာအပိုင်း(၄)ပါ အမှု(၂၀၀)တွင် ယခင် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသောမြေကိစ္စများကို မြေအသုံးချရေးစီမံခန့်ခွဲရေးဗဟိုကော်မတီမှ အပိုင်း(၄)အဖြစ် သတ်မှတ်ပြီး(၁၂၁)မှု၊ အပိုင်း(၅)တွင် ပါဝင်မှု(၂၉)မှု၊ အပိုင်း(၁)မှ (၁)မှုနှင့် အပိုင်း(၃)မှ (၁)မှု၊ မည်သည့်အပိုင်းမှ ပါဝင်ခြင်းမရှိသော အမှု(၄၈)မှု ရှိနေပါကြောင်း၊ သို့ပါ၍ အမှုအရေအတွက်များ မှန်ကန်ရန်နှင့် ဖောင်းပွခြင်းမရှိစေရန် အပိုင်းအလိုက် အမှုများတွင် အမှုအမှတ်စဉ်တပ်၍ ဖော်ပြခြင်း၊ အပိုင်းခွဲဝေမှုများ မှန်ကန်စေရန်နှင့် အမှုများထပ်နေခြင်းမရှိရန် စိစစ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

မိကျောင်းကန် ဆန္ဒဖော်ထုတ်ခြင်းနှင့်ပတ်သက်၍ ဆန္ဒပြသူကိုယ်စားလှယ်များနှင့်တွေ့ဆုံဆွေးနွေးခဲ့စဉ် မြေနှင့်ပတ်သက်၍ ဥပဒေအရ ပိုင်ဆိုင်မှုမရှိပါကြောင်း၊ ပိုင်ဆိုင်မှုရှိပါက အထောက်အထား ပြည့်ပြည့်စုံစုံဖြင့် တင်ပြပေးကြရန် ပြောကြားခဲ့သော်လည်း ယနေ့အချိန်အထိ တင်ပြလာခြင်း မရှိပါကြောင်း၊ လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်း အိမ်ရာစီမံကိန်းအတွင်း လယ်ယာမြေများအတွက် ပိုင်ဆိုင်မှုအထောက်အထား လယ်ခွန် ပြေစာ၊ စပါးရောင်းနှင့် အခြားပြေစာအထောက်အထားများတင်ပြသူ စုစုပေါင်း (၄၀)ဦး မြေဧရိယာ (၄၀၉ ဒသမ ၅၄)ဧကအတွက် နစ်နာကြေးထုတ်ပေးရေးကိစ္စကို ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လယ်ယာလုပ်ကိုင်ခဲ့ကြောင်း အထောက်အထားမပြနိုင်သူများအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် ဂွမြို့နယ် တောင်သူ(၇၂)ဦး၏ လယ်ယာမြေ (၆၄၅ ဒသမ ၅၆)ဧကသည် သစ်တောကြိုးဝိုင်း သတ်မှတ်ရာတွင် ပါဝင်နေသည့်အတွက် ကြိုးဝိုင်းဧရိယာအတွင်းမှ နုတ်ပယ်သင့်ကြောင်း တင်ပြမှုတွင် သစ်တောကြိုးပြင်ကာကွယ်တောအဖြစ်မှနုတ်ပယ်ပြီး တိုင်ကြားသူပါ တောင်သူ(၇၁)ဦးအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)များ ထုတ်ပေးထားပြီးဖြစ်ပါကြောင်း၊ အလားတူတိုင်စာ(၅)မှုကိုလည်း ဖြေရှင်းဆောင်ရွက်ပြီး ဖြစ်ပါကြောင်း။

စုံစမ်းရေးကော်မရှင်မှ ထပ်မံပေးပို့လာသော အမှုတွဲများတွင် ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ အမွေဆက်ခံခြင်းစသည့် ကာယကံရှင်အချင်းချင်းသာ ဖြေရှင်းရမည့် တစ်သီးပုဂ္ဂလ မြေယာအငြင်းပွားမှုများ ပါရှိသည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါအမှုများကို သက်ဆိုင်ရာကာယကံရှင်များက ဆိုင်ရာတရားရုံးများတွင် တည်ဆဲဥပဒေများနှင့်အညီ ရင်ဆိုင်ဖြေရှင်းရမည့် ကိစ္စရပ်များဖြစ်ပါကြောင်း၊ စိစစ်ရန်ကျန်သည့်ကိစ္စများနှင့် ပတ်သက်၍ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်စိစစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပြည်နယ်ဘတ်ဂျက်များကို ပြည်နယ်အစိုးရအဖွဲ့ဆုံးဖြတ်ချက်အရ လိုအပ်သည့်နေရာတွင် ပြောင်းလဲသုံးစွဲခွင့်ရှိ

နေပြည်တော် ဇူလိုင် ၁၀

ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကျင်းပခဲ့သည်။

ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း၏ **ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်များကို ပြည်နယ်ဝန်ကြီးချုပ်အနေဖြင့် တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့ချမှတ်ရန် လုပ်ပိုင်ခွင့် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်းသည် စီးပွားရေးအနေဖြင့် နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်သောကြောင့် ထန်တလန်မြို့နှင့် ဟားခါးမြို့တို့အတွက် အဓိကလမ်းဖြစ်သည့်အပြင် ချင်းပြည်နယ်တွင် ယာဉ်သွားလာမှု အများဆုံးဖြစ်ခြင်းတို့ကြောင့် မူလလမ်း(၁၂)ပေမှ (၂၄)ပေလမ်းသို့ လမ်းသားတိုးချဲ့ရန်နှင့် ယာဉ်သွားလာမှုအများဆုံးဖြစ်သည့် ဟားခါး-ထန်တလန်အကြား ကတ္တရာလမ်းခင်းရန် အရေးကြီးလိုအပ်သောကြောင့်ဖြစ်ပြီး၊ ကလေး-နတ်ချောင်း-ဖလမ်းလမ်းအနေဖြင့် ယာဉ်သွားလာမှုနည်းခြင်း၊ လက်ရှိကလေး- ဖလမ်း-ဟားခါးလမ်းရှိသဖြင့် ဖလမ်းမှ ကလေးမြို့သို့ ကောင်းမွန်စွာ သွားလာနိုင်ခြင်းတို့ကြောင့် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကကျသည့် ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်းသို့ မူလရန်ပုံငွေကျပ် (၆၈၈ ဒသမ ၅၂၀) သန်းမှ ကျပ်(၆၆၀ ဒသမ ၀၀)သန်း ပြောင်းလဲသုံးစွဲခဲ့ပါကြောင်း။

ထိုသို့ လုပ်ငန်းလွှဲပြောင်းသုံးစွဲရာတွင် ချင်းပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံး၌ (၂၂-၅-၂၀၁၃)ရက်တွင် ကျင်းပသည့် ချင်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ် လမ်း/တံတားလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ လမ်းလိုအပ်ချက်အရ သက်ဆိုင်ရာအင်ဂျင်နီယာများ၏ တင်ပြချက်အပေါ် အစည်းအဝေး တက်ရောက်သည့် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်သူ့

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ။

ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာများမှ ဆွေးနွေးသဘောတူညီမှုဖြင့် ကလေး-နတ်ချောင်း-ဖလမ်းလမ်းမှ နယ်စပ်ကုန်သွယ်ရေးလမ်းဖြစ်သည့် ဟားခါး-ထန်တလန်-ဆာဆီချောက်လမ်းသို့ လုပ်ငန်းပြောင်းလဲသုံးစွဲနိုင်ရေးအတွက် ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ချင်းပြည်နယ်အစိုးရအဖွဲ့သို့တင်ပြပြီး အတည်ပြုချက်ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်နယ်ဝန်ကြီးချုပ်အနေဖြင့် မိမိအလိုကျ တစ်နေရာမှ တစ်နေရာသို့ လုပ်ငန်းပြောင်းရွှေ့ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာအင်ဂျင်နီယာများမှ တင်ပြချက်အပေါ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးပွဲ သဘောတူညီမှုဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး၌ အတည်ပြုချက်ရယူ၍ လုပ်ငန်းပြောင်းလဲဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်အနေဖြင့် ပြည်နယ်ဘတ်ဂျက်များကို ပြည်နယ်အစိုးရအဖွဲ့ဆုံးဖြတ်ချက်အရ လိုအပ်သည့်နေရာတွင် ခွင့်ပြုရန်ပုံငွေ ပြောင်းလဲသုံးစွဲခွင့် ရှိပါကြောင်းဖြင့် ပြန်လည် ဖြေကြားခဲ့သည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၏ **မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အောက်ရှိ ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရုံးများအတွက် ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းခန့်ထားရန်နှင့် မြို့နယ်အဆင့်ရုံးများတွင် ရှိသင့်သည့် စက်ယန္တရားများကို ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ရုံးချုပ်၊ တိုင်းဒေသကြီး/ (၁၄)ရုံး၊ နေပြည်တော်ကောင်စီနယ်မြေ ရုံး (၁)ရုံး၊ ပြည်နယ်ရုံးခွဲ(၂)ရုံး၊ ခရိုင်ရုံး(၆၂)ရုံး၊ မြို့နယ်ရုံး(၂၀၀)ကျော်ဖြင့် တိုးချဲ့ဖွဲ့စည်းခွင့်ပြုခဲ့ကြကြောင်း၊ အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၂၈၈၁)ဦးဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းများသည် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်ရသည့်အတွက် လက်ရှိဝန်ထမ်းများနှင့် ဆောင်ရွက်ရန် လုံလောက်မှုရှိပါသဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အဆင့်ဆင့်တွင် လုပ်ငန်းလိုအပ်ချက်အရ ဝန်ထမ်း(၃၂၀၂) ဦးအား ထပ်မံဖြည့်တင်းခန့်ထားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့ပြီး အသစ်ခန့်ဝန်ထမ်းများ၏ လစာစရိတ်ကို လျာထားတောင်းခံခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းသစ်များ ထပ်မံခန့်ထားပြီးပါက ဝန်ထမ်းစုစုပေါင်း (၆၀၈၃)ဦးခန့်ရှိလာမည်ဖြစ်၍ ဖွဲ့စည်းပုံ အရမူလခွင့်ပြုဝန်ထမ်းအင်အား၏ (၅၁) ရာခိုင်နှုန်းခန့်ထားနိုင်မည် ဖြစ်ပါကြောင်း။

စက်ယန္တရားအပိုင်းတွင် လုပ်ငန်းသုံး စက်ယန္တရား(၁၂၃)စီးနှင့် တွင်းတူးဖော်စက် (၁၉)စီးရှိသည့်အနက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များရှိ လိုအပ်ချက်ရှိသော နေရာများသို့ ဖြည့်တင်းဆောင်ရွက် ပေးထားရာ မြေတူးစက် (၂၈)စီး၊ မြေထိုးစက်(၁၁)စီး၊ မြေညှိစက်(၉)စီး၊ မြေကော်စက်(၇)စီး၊ မြေသယ်ယာဉ် (၁၉)စီး၊ လမ်းကြိတ်စက်(၆)စီး၊ ရေတွင်းတူးစက်(၉)စီး စုစုပေါင်းယာဉ်ယန္တရား (၈၉)စီး ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ထို့ပြင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့သည် (၂၀၁၂-၂၀၁၃)မှ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသ ကျေးလက်ရေရရှိရေး (၅)နှစ် စီမံကိန်းအား မြို့နယ် (၁၉)မြို့နယ်မှ ကျေးရွာ(၈၇)ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းတွင်လည်း

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး။

ရေတွင်းတူးစက်(၁၀)စီး၊ ထရပ်ယာဉ် (၈)စီး၊ ကရိန်းယာဉ်(၁၀)စီး၊ ရေသယ်ယာဉ်(၇)စီး၊ ရွှေ့လျားစက်ပြင်ယာဉ် (၂)စီး စုစုပေါင်း ယာဉ်ယန္တရား (၃၇)စီး ဖြည့်တင်းဆောင်ရွက်ထားပါကြောင်း၊ ရေတွင်းတူးစက်များမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၁)စီး၊ မကွေးတိုင်းဒေသကြီးတွင် (၄)စီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် (၅)စီး ဖြန့်ခွဲထားပြီး ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တူးဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်လွန်ကတ္တရာဖျော်စက် (၂)စီး၊ နိုင်လွန်ကတ္တရာခင်းစက် (၂)စီး၊ ကတ္တရာဖျန်းယာဉ်(၁)စီး၊ တာယာလမ်းကြိတ်စက်(၆)စီး၊ ဝန်ချီယာဉ်အသေး(၁)စီး၊ ထွန်စက်(အသေး)(၂)စီး၊ ဆီသယ်ယာဉ်(၂)စီး စုစုပေါင်း (၁၆)စီးအား ဌာနပိုင်သိုလှောင်ရုံတွင် ထိန်းသိမ်းထားရှိပြီး လုပ်ငန်းလိုအပ်ချက်ရှိသောဒေသများသို့ လိုအပ်သလို ပေးပို့ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **“ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် **“ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**တို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ပြီး ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိခဲ့သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း အရာရှိ/စစ်သည်များ၏ သားသမီးများ၊ ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်ပညာသင်ဆုရရှိသော ကျောင်းသားကျောင်းသူ ၅၉၇ ဦးနှင့် ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်နယ်/ခရိုင်/မြို့နယ်ပါတီ ကော်မတီဝင်များ၊ ရပ်/ကျေးကော်မတီဝင်များနှင့် ပါတီဝင်များ ၉၇ ဦး စုစုပေါင်း ၆၉၄ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အဌမနေ့ ကျင်းပနေပုံကို လာရောက်လေ့လာကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန်းရွှေစက်တော်ဘုရား ပါဒစေတီတော် အောက်စက်တော်ရာမြတ် အလင်းပေါက်ဖန်အုပ်ဆောင်းတော် တပ်ဆင်လှူဒါန်းပူဇော်

နေပြည်တော် ဇူလိုင် ၁၀

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် ဓမ္မမိတ်ဆွေ အလှူရှင်များက မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းရွှေစက်တော်ဘုရား ပါဒစေတီတော် အောက်စက်တော်ရာမြတ် အလင်းပေါက်ဖန်အုပ်ဆောင်းတော် တပ်ဆင်လှူဒါန်းပူဇော်ခြင်း၊ မြသလွန်ဘုရားပုံတူ လုံခြုံရေးသံပန်းနှင့် ကွန်းတိုင်များ အစားထိုးလှူဒါန်းခြင်း၊ ဘက်စုံ ပြုပြင်မွမ်းမံလှူဒါန်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန်းရွှေစက်တော်ဘုရား ပါဒစေတီတော် အောက် စက်တော်ရာမြတ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဓမ္မမိတ်ဆွေ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဇိဝိတဒါနအဖြစ် မန်းချောင်းအတွင်း ငါးလွှတ်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဇန်းမော်ကျောင်းတိုက်ဆရာတော်၊ မကွေးတိုင်းဒေသကြီး သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အောင်မြေရတနာကျောင်းတိုက်ဆရာတော်နှင့် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မူလဆယ်တောင်ပြည့် ကျောင်းတိုက်ဆရာတော်တို့က ရွှေကျောင်းဆောင်တော်ကြီးကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းတော်မူသည်။

ယင်းနောက် ဆရာတော် သံဃာတော်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက မန်းရွှေစက်တော်ဘုရား ပါဒစေတီတော် အောက်စက်တော်ရာမြတ်အား ရွှေသက်န်းတော် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဆရာတော်ထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် စိုးထွန်းက အလင်းပေါက် ဖန်အုပ်ဆောင်းတော်ကြီး ဆက်ကပ်လှူဒါန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။ ထိုသို့ လျှောက် ထားရာတွင် အောက်စက်တော်ရာအား မြန်မာသက္ကရာဇ် ၁၂၉၆ ခုနှစ်၌ ကြေးနဂါးအုပ်ဆောင်းသေးဖြင့်လည်းကောင်း၊ ၁၃၁၉ ခုနှစ်တွင် လိပ်ခွံပုံကြေးပြား အုပ်ဆောင်းဖြင့် လည်းကောင်း၊ ၁၃၃၇ ခုနှစ်တွင် သံအုပ်ဆောင်းဖြင့် လည်းကောင်း ပြောင်းလဲဖုံးအုပ် ပူဇော်ခဲ့ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ၂၀၁၃ ခုနှစ် မေ ၂၃ ရက်တွင် မန်းရွှေစက်တော်သို့ ရောက်ရှိဖူးမြော်ခဲ့ရာ ရဟန်းရှင်လူ ပြည်သူအများတို့ အချိန်အခါမရွေး ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် မူလသံအုပ်ဆောင်းအား အလင်းပေါက် ဖန်အုပ်ဆောင်းဖြင့်လဲလှယ်ပူဇော်ပါက ပိုမိုကောင်းမွန်သင့်မြတ်သဖြင့် ကနဦးတိုင်းတာ စစ်ဆေးမှုများ ဆောင်ရွက်စေခဲ့ပါကြောင်း၊ စစ်ဆေးမှုများအရ သံအုပ်ဆောင်းအား အဖွင့်အပိတ်ပြုလုပ်ရန် အတင်အချစက်သီးသည် ခြေတော်ရာအဆောက်အအုံအတွင်း ကွန်းတိုင်လေးတိုင်အား အမာခံပြုလုပ်ဆောင်ရွက်ထားကြောင်း၊ ကွန်းတိုင်များမှာ နှစ်ကာလကြာမြင့်မှုကြောင့် လည်းကောင်း၊ ပိုးမွှားဒဏ်ကြောင့် လည်းကောင်း၊ အောက်ခြေများ ပျက်စီးနေ၍ အစားထိုးပြုပြင်လဲလှယ်ပေးရေးနှင့် ဖန်အုပ်ဆောင်းအတင်အချပြုလုပ်မှုကိုလည်း အမာခံသံရက်မတိုင်များဖြင့် ဆောင်ရွက်မှသာ ပိုမိုကောင်းမွန်၍ ရေရှည်တည်တံ့မည်ဖြစ်ကြောင်းတွေ့ရှိ၍ ပုံစံပြုလုပ်ဒီဇိုင်းရေးဆွဲကာ ပြုပြင်လဲလှယ်ရေးအစီအစဉ်များ ရေးဆွဲခဲ့ပါကြောင်း။

လဲလှယ်သည့် အလင်းပေါက် ဖန်အုပ်ဆောင်းသည် အလင်းပေါက်

(Acrylic) ဖန်အုပ်ဆောင်း အမျိုးအစားဖြစ်ကာ အပူချိန်နှင့် ဖိအားတို့အား သာမန်ထက်ပို၍ ခံနိုင်သောဖန် အမျိုးအစားဖြစ်ပါကြောင်း၊ ဖန်အုပ်ဆောင်းကြီးမှာ အမြင့် ငါးပေ အထူ သုံးလက်မနှင့် အလေးချိန် သုံးတန်ခန့်ရှိ၍ နှစ်စဉ်ရေမြုပ်ချိန်တွင်ရှိသော ဖိအားနှင့် အရာဝတ္ထုများ၏ ထိခိုက်မှုဒဏ်ကိုခံနိုင်သော စွမ်းရည်များရှိပါကြောင်း။

ဖန်အုပ်ဆောင်းပေါ်တွင် ပူဇော်ခံမည့်မြသလွန်ပုံတူစေတီအား ဆောင်ရွက်ပေးခြင်း၊ ဖန်အုပ်ဆောင်းအတင်အချပြုလုပ်ရန် လျှပ်စစ်မော်တာနှင့် စစ်သီးအစားထိုးလဲလှယ်တပ်ဆင်ပေးခြင်း၊ ခြေတော်ရာအတွင်းမှ ယခင်ယိုယွင်းပျက်စီးကာ မတင့်တယ်တော့သည့် မှန်စီရွှေချများအား ဖယ်ရှား၍ ကြည်ညိုဖွယ်ရာပြန်လည်ပြုလုပ်ဆောင်ရွက်ခြင်းနှင့် မူလသံအုပ်ဆောင်းအလှူရှင်အား အလေးထားသည့်အနေဖြင့် တောင်းပန်ရတန်ဆောင်းတွင် သံအုပ်ဆောင်းနှင့် ကြေးစေတီအား ပြန်လည်အသုံးပြု၍ ဂြိုဟ်ပြေနံ့ပြေဘုရား ပြန်လည်တည်ထားပေးခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဖန်အုပ်ဆောင်းတော်ဖြင့် စက်တော်ရာအား ဖုံးအုပ်ပူဇော်ခြင်းကို ၂၀၁၄ ခုနှစ် ဇွန် ၁၇ ရက် နံနက် ၉ နာရီတွင် အောင်မြင်စွာ တပ်ဆင်ပူဇော်နိုင်ခဲ့ပါကြောင်းဖြင့် လျှောက်ထားပါသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များသည် ဇန်းမော်ကျောင်းတိုက်ဆရာတော်ကြီးထံမှ အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် စေတီတော်ရင်ပြင်မှ နဂါးစာကျွေးခြင်း အလှူဒါန ပြုလုပ်ကြသည်။

ယင်းနောက် ဇန်းမော်ကျောင်းတိုက် ဆရာတော်ကြီးနှင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က ဦးဆောင်၍ အောက်စက်တော်ရာစေတီတော်၏ အလင်းပေါက်ဖန်အုပ်ဆောင်းတော်ကြီးကို စက်ခလုတ်နှိပ်၍ ပြန်လည်ဖုံးအုပ်ပေးသည်။**(အပေါ်ပုံ)**

ထို့နောက် ဆရာတော် သံဃာတော်များကို ကိုးခန်းကြီးဘုရားဓမ္မာရုံတွင် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ပြီး တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အထက်စက်တော်ရာသို့ တက်ရောက်ဖူးမြော်ကြည်ညို၍ အထက်စက်တော်ရာမြတ်အား ရွှေသက်န်းတော်ကပ်လှူပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဂျပန်-မြန်မာ ပါလီမန်ဆိုင်ရာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၀

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ယနေ့ မွန်းလွဲ ၃ နာရီတွင် ဂျပန်-မြန်မာပါလီမန်ဆိုင်ရာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌဖြစ်သူ မစ္စတာအိချိရိုအဲအိစာဝါနှင့်အဖွဲ့အား အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော Enhancement of Engineering Higher Education in Myanmar စီမံကိန်းဖြင့် ရန်ကုန်နှင့် မန္တလေးနည်းပညာတက္ကသိုလ် အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Intellectual Property (IP)ကဏ္ဍတွင် နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ရာ ဂျပန်-မြန်မာ ပါလီမန်ဆိုင်ရာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံက ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကိုပြန်လည်ဆွေးနွေးခဲ့သည်။ အဆင့်မြင့်ပညာကဏ္ဍအတွက် လက်ရှိဆောင်ရွက်နေမှုများသာမက နည်းပညာနှင့် သက်မွေးပညာကဏ္ဍအတွက် ရန်ကုန်မြို့၌ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း တစ်ကျောင်း ဂျပန်နိုင်ငံနှင့် ပူးပေါင်းဖွင့်လှစ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

အခြားအဖွဲ့ဝင်နိုင်ငံများနှင့် အတူ ၂၀၁၅ ခုနှစ်တွင် အပြည့်အဝ အကောင်အထည်ဖော်ရန် ရည်မှန်းထားပြီးဖြစ်၍ ကုန်စည်များ လွတ်လပ်စွာစီးဆင်းနိုင်ရေးအတွက် ကုန်းတွင်းဆိပ်များ တည်ဆောက်နိုင်ရေး အတွက်ဖြစ်ကြောင်း၊ ကုန်းတွင်းဆိပ်များနှင့် အတူ လုပ်ငန်းတွဲဖက် ဆောင်ရွက်နိုင်ရေးနှင့် ရထားဖြင့် ကုန်သေတ္တာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကိုလည်း အချိန်နှင့်တစ်ပြေးညီ စတင်ဆောင်ရွက်သင့်ကြောင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းတွင်းဆိပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကုန်သေတ္တာ ရထားပြေးဆွဲခြင်းလုပ်ငန်းတိုးတက်စေရန်အတွက် ဖြစ်ကြောင်း အဆိုပါလုပ်ငန်းစီမံချက် ပထမမူကြမ်းအတွက်ဆွေးနွေးပွဲမှသိရသည်။

အဆိုပါကုန်စည်သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းတွင်းဆိပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သေတ္တာရထားပြေးဆွဲခြင်းလုပ်ငန်း တိုးတက်စေရေးကာလတို (၂၀၁၄-၂၀၁၅) ဆောင်ရွက်ရမည့် လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အတွက် ဖြစ်နိုင်ခြေရှိသောနေရာများ သတ်မှတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကွေ့မဘူတာအနီး မြန်မာ့မီးရထားပိုင်မြေနေရာအား လည်းကောင်း၊ ရွာသာကြီးဘူတာအနီးမြန်မာ့မီးရထား စီမံကိန်းမြေနေရာအား လည်းကောင်း၊ တညင်းကုန်းဘူတာအနီး စည်ပင်သာယာပိုင်မြေနေရာအား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်း မြို့ဟောင်းဘူတာအနီး မြန်မာ့မီးရထားပိုင် မြေနေရာအားလည်းကောင်း၊ မြစ်ငယ်ဘူတာအနီး မြန်မာ့မီးရထားပိုင်မြေနေရာအား လည်းကောင်း၊ ပလိပ်ဘူတာအနီးစည်ပင်သာယာပိုင်မြေနေရာအား လည်းကောင်း သတ်မှတ်ထားကြောင်း သိရသည်။

ထိုအထဲမှ ရွေးချယ်ထားသည့် ဖြစ်နိုင်ခြေရှိသည့် နေရာများ၏ အားသာချက်၊ အားနည်းချက်များ အားဖော်ထုတ်ကာ ကုန်းတွင်းဆိပ်တည်ဆောက်မည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွာသာကြီးဘူတာအနီး မြန်မာ့မီးရထားစီမံကိန်းမြေနေရာနှင့်မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြစ်ငယ်ဘူတာအနီးမြန်မာ့မီးရထားပိုင်မြေနေရာအား ရွေးချယ်လိုက်ခြင်းဖြစ်သည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ရွာသာကြီးဘူတာနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြစ်ငယ်ဘူတာအနီးတွင် ကုန်းတွင်းဆိပ်များ တည်ဆောက်အကောင်အထည်ဖော်နိုင်ရေး စိတ်ဝင်စားသူ လုပ်ငန်းရှင်များကိုလည်း ယခုနှစ် ဩဂုတ်လအတွင်း နိုင်ငံပိုင်သတင်းစာများမှ အဆိုပြုလွှာများ ခေါ်ယူသွားမည်ဖြစ်ကြောင်း ကုန်းတွင်းဆိပ်များ တည်ဆောက်အကောင်အထည်ဖော်နိုင်ရေးနှင့် ရထားလမ်းများ၊ ဆိပ်ကမ်းများသို့ ချိတ်ဆက်နိုင်ရေး လုပ်ငန်းစီမံချက်ပထမ မူကြမ်းဆွေးနွေးပွဲမှ သိရသည်။

❐❐

မလေးရှားနိုင်ငံ၌ မြန်မာနိုင်ငံသားနှစ်ဦး အသတ်ခံရ

နေပြည်တော် ဇူလိုင် ၁၀

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင်နေထိုင်သူ ဦးအောင်ခင် (ခ) ဦးတိုနီ အသက် (၄၀)နှစ်ခန့်သည် ဇူလိုင် ၇ ရက်တွင် ပီနန်ပြည်နယ် ဘတ်တာဝပ်မြို့၌ လည်းကောင်း၊ ကွာလာလမ်ပူမြို့ ပူချွန်းအရပ်တွင် နေထိုင်သူ နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးမျိုးပိုင် အသက် (၅၀)နှစ်ခန့်သည် ဇူလိုင် ၉ ရက်တွင် လည်းကောင်း အသတ်ခံခဲ့ရသည်။

သို့ဖြစ်၍ မြန်မာသံရုံး ကွာလာလမ်ပူမြို့မှ သံအမတ်ကြီးသည် ယနေ့တွင် မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မလေးရှားရောက် မြန်မာနိုင်ငံသားများ၏ လုံခြုံရေးနှင့် ယခုကဲ့သို့ ကိစ္စများ ထပ်မံ ဖြစ်ပွားမှုမရှိစေရေးအတွက် အတတ်နိုင်ဆုံး အကာအကွယ်ပေးရန်နှင့် ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးအရေးယူပေးရန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

❍ ချင်းပြည်နယ်မှ

အစိုးရကျေးလက်ဒေသဖွံ့ဖြိုးရေး ဌာနမှ ငွေကျပ်သိန်းပေါင်း ၃၀၀ ဖြင့် အကုန်အကျခံလျက် ၂၀၁၂ ခုနှစ် မတ်လမှစ၍ Chin Green Hill Company က ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ဆင်းရဲနွမ်းပါးမှု ၇၀ ရာခိုင်နှုန်းအောက်ရှိသည့် ချင်းပြည်နယ်တွင် ဂျပန်နိုင်ငံ၏ လှူဒါန်းထောက်ပံ့မှုကြောင့် ဟားခါးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသားဦးရေ ၁၇၉၈ ဦးနှင့် ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းသားဦးရေ ၃၈၅ ဦးတို့ အကျိုးဖြစ်ထွန်းစေမည့်အပြင် ဖလမ်းမြို့နယ် အတွင်းရှိ ပြည်သူ ၂၄၀၀ ကျော်၏ ကျန်းမာရေးကူညီစောင့်ရှောက်မှုများကို လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံအသေးစားစီမံကိန်းများ ကူညီထောက်ပံ့ရေးအစီအစဉ်သည် ၁၉၉၃ ခုနှစ်မှစတင်၍ ယနေ့အထိ မြန်မာနိုင်ငံတွင် စီမံကိန်းပေါင်း ၈၈၆ ခု ကူညီထောက်ပံ့ပြီး မြန်မာနိုင်ငံ၏ ပညာရေးပိုင်း အဆင့်မြှင့်တင်မှု ၃၁၁ ခု၊ ကျန်းမာရေးပိုင်းအဆင့်မြှင့်တင်မှု ၁၇၅ ခု၊ လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စီမံကိန်း ၁၃၆ ခု၊ ဘက်စုံ ဖွံ့ဖြိုးမှုကူညီထောက်ပံ့ရေး စီမံကိန်း ၃၁ ခုတို့အား အသီးသီး ကူညီထောက်ပံ့ခဲ့ကြောင်း သိရသည်။

(ဇိုဟေဆာ)

နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးဖြစ်ထွန်းသည့် နိုင်ငံတကာအဆင့်အတန်းမီစီမံကိန်းဖြစ်အောင် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၀

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ**(ယာပုံ)** အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေးဦးတည်၍ ဘက်စုံဖွံ့ဖြိုးရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာ၌ လုပ်ငန်းနှေးကွေးမှုများမဖြစ်ပေါ်စေရေးအတွက် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အကောင်အထည်ဖော်ဆောင်ရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါအကြံပြုချက်များအပေါ် တာဝန်ယူအကောင်အထည်ဖော်နေခြင်းဖြစ်ပြီး အချို့မှာရာနှုန်းပြည့် ပြီးစီးခဲ့သော်လည်း အချို့မှာ လုပ်ငန်းသဘောသဘာဝအရ စီမံကိန်းကာလတစ်လျှောက်လုံး စောင့်ကြည့်၍ ကြီးကြပ်ဆောင်ရွက်သွားရန်လိုမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းသည် ကြီးမားကျယ်ပြန့်သည့်အတွက် မိမိတို့လုပ်ငန်းတာဝန်များကို စီမံကိန်း အကောင်အထည်ဖော်ဆောင်မှုနှစ်များအလိုက် စနစ်တကျစီမံလုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင်များအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို အမြဲတစေ လေ့လာသုံးသပ်ပြီး ကောင်းမွန်သည့် အကြံဉာဏ်၊ ပြည်သူ့အကျိုးဖြစ်ထွန်းစေမည့် ပံ့ပိုးကူညီမှုများဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စီမံကိန်းဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် လက်ပံတောင်းတောင်ကြေးနီ စီမံကိန်းဟုဆိုသော်လည်း စံပယ်တောင်နှင့် ကြေးစင်တောင်ဒေသများကိုပါ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်ဆောင်ရွက်ခဲ့သည့် ကြေးနီစီမံကိန်းများမှ သင်ခန်းစာများရယူ၍ နိုင်ငံတကာအဆင့်မီ စီမံကိန်းကြီးဖြစ်အောင် စနစ်တကျစီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ဆောင်ရွက်ပေးသည့် ဒေသတွင်း အလုပ်အကိုင်ရရှိရေး

ဆောင်ရွက်ထားရှိမှုများကို ပြည်သူများသိရှိနိုင်ရန် တာဝန်ရှိသူများအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြောဆို သတင်းထုတ်ပြန်ခြင်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြသူများအနေဖြင့် ကျေးရွာအလိုက် ဒေသခံများဖြင့် ဖွဲ့စည်းပေးထားသည့် CSD ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များဖြင့် ပူးပေါင်း၍ ဒေသတွင်းလိုအပ်ချက်အခက်အခဲများကို ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းတိုင်ပင်ဖြေရှင်းဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ဥပဒေချိုးဖောက်သူများကိုလည်း တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားရန်ဖြစ်ကြောင်း၊ စီမံကိန်းကို တည်ဆောက်ရေးကာလမှ စီးပွားအဖြစ်ထုတ်လုပ်သည့်အဆင့်သို့ ရောက်ရှိအောင် တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးဖြစ်ထွန်းသည့် နိုင်ငံတကာအဆင့်အတန်းမီ စီမံကိန်းဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေးဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းတို့က လက်ပံတောင်းတောင်ကြေးနီစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးမျိုးအောင်၊ ဦးသန်းထွန်းအောင်၊ ဒုတိယအဖွဲ့ခေါင်းဆောင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီး ဦးသန်းထိုက်၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်နှင့် တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအား အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

(သတင်းစဉ်)

ကျောက်ဖြူအထူးစီးပွားရေးဇုန် ဈေးကွက်မြှင့်တင်ရေးပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

ကျောက်ဖြူအထူးစီးပွားရေးဇုန် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တာဝန်သိပြီးစိတ်ချယုံကြည်ရသော ရင်းနှီးတည်ဆောက်သူများနှင့် ရင်းနှီးတည်ဆောက်သူများအား နိုင်ငံတကာအိတ်ဖွင့်တင်ဒါ ခေါ်ယူနိုင်ရန်အတွက် Master Plan ရေးဆွဲခြင်းနှင့် တင်ဒါစာရွက်စာတမ်းများရေးသားခြင်းများကို တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ(BEAC)နှင့် အကြံပေးဝန်ဆောင်မှုပြုလုပ်ရန် ရွေးချယ်ထားသော CPG Consultants Pte Ltd ဦးဆောင်သည့် အကြံပေးကုမ္ပဏီများ Consortium အုပ်စုတို့ ပူးပေါင်းလုပ်ဆောင်လျက်ရှိရာ ရေးဆွဲထားသည့်လုပ်ငန်းအစီအမံ(Work Plan) အရ ကျောက်ဖြူအထူးစီးပွားရေးဇုန် ဈေးကွက်မြှင့်တင်ပွဲအခမ်းအနား (Road Show) ကျင်းပခြင်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်းကို ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန (IBC)၌ ဇူလိုင် ၃ ရက်တွင် လည်းကောင်း၊ စင်ကာပူနိုင်ငံ Suntec City & Exhibition Centre ၌ ဇူလိုင် ၇ ရက်တွင် လည်းကောင်း ကျင်းပပြီးစီးခဲ့သည်။

ရန်ကုန်မြို့တွင် ကျင်းပသည့် ဈေးကွက်မြှင့်တင်ရေးပွဲသို့ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိန်း၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဦးဆောင်သော တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေး ကော်မတီအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ၊ ရခိုင်ပြည်နယ်လူမှုရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် အစိုးရဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံအရာရှိများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံလူမှုရေးအဖွဲ့အစည်းများ၊ NGO/INGO များ၊ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပမှသတင်းဌာနများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်းအင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

စင်ကာပူနိုင်ငံ Suntec City & Exhibition Centre တွင် ဇူလိုင် ၇ ရက်က ကျင်းပသည့် ဈေးကွက်မြှင့်တင်ပွဲအခမ်းအနားသို့ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးချယ်ရေးကော်မတီဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီအတွင်းရေးမှူး၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဦးဆောင်သော တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြန်မာအများ ပိုင်ကုမ္ပဏီများ စုပေါင်းတည်ထောင်ထားသော Consortium အုပ်စုမှ မြန်မာလုပ်ငန်းရှင်များ ပါဝင်သည့် စုစုပေါင်း မြန်မာကိုယ်စားလှယ် ၁၆ ဦး တက်ရောက်ခဲ့ကြပြီး အကြံပေးကုမ္ပဏီအုပ်စုနှင့်အတူ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်၊ စီးပွားရေးဆိုင်ရာသံအရာရှိ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ပမီဒီယာများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲများတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်တွင် နိုင်ငံတကာရင်းနှီးတည်ဆောက်သူများ ပိုမိုစိတ်ဝင်စားလာစေနိုင်ရန် သတင်းအချက်အလက်များ ရှင်းလင်းတင်ပြခြင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးမဟာဗျူဟာ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှု၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ တည်နေရာအနေအထားနှင့် အခွင့်အလမ်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး ဒေသခံများ၊ သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများအားလုံးနှင့် ချိတ်ဆက်ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့ပြီး အကြံပေးကုမ္ပဏီအုပ်စု၏ လုပ်ငန်းအစီအစဉ်(Work Plan)အရ နိုင်ငံတကာရင်းနှီးတည်ဆောက်သူများ၏ စိတ်ဝင်စားမှုဖော်ပြလွှာ(EOI) အား ဇူလိုင် ၁၄ ရက်တွင်စတင်ခေါ်ယူမည်ဖြစ်ပြီး ဩဂုတ် ၂၆ ရက်တွင် အပြီးသတ်ခေါ်ယူနိုင်ရေး ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ကြသည်။

ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး အကြီးတန်းဝန်ကြီး Mr. Lee Yi Shyan နှင့် တွေ့ဆုံခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စည်းကမ်းမဲ့ကြော်ငြာများ လိုက်လံဖြုတ်သိမ်း

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အလုံမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦး၏ အနီးကပ်ကြီးကြပ်မှုဖြင့် လက်ထောက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဦးနှင့်အဖွဲ့သည် အလုံမြို့နယ် ငုဝါလမ်းတစ်လျှောက် စည်းကမ်းမဲ့ကြော်ငြာများအား ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက လိုက်လံဖြုတ်သိမ်းကြောင်း သိရသည်။**(ဝဲပုံ)**

တင်မောင်ဦး(အလုံ)

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ စာချုပ်များနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးကာကွယ်ရေးနှင့် တိုးမြှင့်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို အားပေးကူညီနိုင်ရေးအတွက် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အရှေ့တောင်အာရှဆိုင်ရာရုံးခွဲသည် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ စာချုပ်များကို မြန်မာနိုင်ငံ အတည်ပြုပါဝင်ရေးနှင့် စပ်လျဉ်း၍ လေ့လာဆွေးနွေးနိုင်ရန်နှင့် ကြိုတင်ပြင်ဆင်နိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးတို့မှ ကြီးမှူး၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့တွင် နေပြည်တော်၌ ကျင်းပခဲ့သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲ၌ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာစာချုပ်၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်ကြမ်းကြုတ်၊ လူမဆန်သည့်(သို့မဟုတ်) လူ့သိက္ခာညှိုးနွမ်းစေသည့် ပြုကျင့်မှု (သို့မဟုတ်)ပြစ်ဒဏ်ပေးမှုတို့အား ဆန့်ကျင်သည့် နိုင်ငံတကာစာချုပ်၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာစာချုပ်နှင့် လက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲစာချုပ်များကို အလေးထား ဆွေးနွေးခဲ့ကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နိုင်ငံတော်သမ္မတရုံးမှ အကြံပေးပုဂ္ဂိုလ်များ၊ လွှတ်တော်(၂)ရပ်ရှိ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီတို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အခြား ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာမှပညာရှင်များတို့ တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကရည်ရွယ်ချက်များမှာ စာချုပ်များအတည်ပြုပါဝင်နိုင်ရေးအတွက် လိုအပ်သောအဆင့်များနှင့် လုပ်ငန်းဆောင်တာများအား သက်ဆိုင်ရာဌာနများအနေဖြင့် ရင်းနှီးကျွမ်းဝင်စေရန်၊ စာချုပ်ပါ ပြဋ္ဌာန်းချက်များစောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်းယန္တရားများ အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံမှ လိုက်နာရမည့် တာဝန်ဝတ္တရားများအား သိရှိနားလည်စေရန်၊ အခြားလူ့အခွင့်အရေးဆိုင်ရာ စာချုပ်များနှင့် ယန္တရားများ(ကမ္ဘာ့နိုင်ငံများအားလုံး၏ လူ့အခွင့်အရေးအား ပုံမှန်သုံးသပ်သည့် လုပ်ငန်းနှင့် လူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်နည်းကိုင်နည်းများ)နှင့် စာချုပ်ဆိုင်ရာအဖွဲ့အစည်းတို့အကြား ချိတ်ဆက်မှုများကို ပိုမိုနားလည်စေရန်၊ လူ့အခွင့်အရေး တာဝန်ဝတ္တရားများ အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သည့် ချဉ်းကပ်မှုပုံစံတိုးမြှင့်ရန်၊ စာချုပ်အတည်ပြုခြင်း၊ စောင့်ကြည့်ခြင်း၊ အစီရင်ခံခြင်းနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များတွင် အမျိုးသားလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို ပိုမိုနားလည်စေရန်တို့ဖြစ်သည်။

နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များအား အတည်ပြုပါဝင်ခြင်းဖြင့် မြန်မာပြည်သူများ၏ လူ့အခွင့်အရေးအား ပိုမိုတိုးမြှင့်ကာကွယ်မှုပေးနိုင်လိမ့်မည်ဖြစ်ပါသည်။ ပြည်တွင်းအကောင်အထည်ဖော်နိုင်ရေးနှင့် စပ်လျဉ်း၍ အစိုးရနှင့် နိုင်ငံတွင်း အဖွဲ့အစည်းများအကြား ညှိနှိုင်းကွပ်ကဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်လိမ့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

မြိတ် ဇူလိုင် ၁၀

ပြန်ကြားရေးဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီက ပုလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးက ပြည်ထောင်စုဝန်ကြီး၏ ဆွေးနွေးမှာကြားချက်များ၊ ဦးစီးဌာနနှင့်လုပ်ငန်းများ၏ လုပ်ငန်းများအလိုက် တာဝန်ယူဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးချက်များကို ပုလောမြို့နယ်နှင့် ပလောက်မြို့နယ်ခွဲအတွင်းရှိ ဦးစီးမှူးများနှင့် ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဇူလိုင် ၈ ရက် နံနက် ၈ နာရီတွင် နတ်အိမ်တောင်ကျေးရွာ သုတဂုဏ်ရည်စာကြည့်တိုက်၌ စာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ စာအုပ်၊ စာစောင်တိုးပွားရေးနှင့်စာဖတ်စာငှားတိုးပွားရေးလုပ်ငန်းစဉ်များ ဆွေးနွေးပြောကြား၍ မြန်မာနိုင်ငံစာကြည့်တိုက်မှူးများ ညီလာခံအတွေ့အကြုံများ ရှင်းလင်းပြောကြားခဲ့ပြီး မြိတ်ခရိုင် ဦးစီးအရာရှိက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

စာနယ်ဇင်းမဏ္ဍိုင် အခြေခိုင်ခိုင် ဖြစ်ထွန်းစေချင်

အေးမြင့်အောင်

ယနေ့ ၂၁ ရာစု သတင်းခေတ်ကြီးထဲမှာ လူတွေရဲ့အကြောင်းကိုပဲပြောပြော၊ နိုင်ငံရေးသမိုင်းတွေကိုပဲဟောဟော၊ စီးပွားရေးနဲ့လူမှုရေးအကြောင်းတွေကိုပဲဆိုဆို စာနယ်ဇင်းများရဲ့အကြောင်းနဲ့ သတင်းစာဆရာများရဲ့အကြောင်းတွေကတော့ မပါမဖြစ် ပါကြရမယ်ထင်ပါတယ်။ လူ့အဖွဲ့အစည်းတိုင်းရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတွေကို ကြည့်ပြန်ရင်လည်း အပြောင်းအလဲတွေဟာ မြန်လွန်းမကမြန်လွန်းလှပါတယ်။ အဲဒီအပြောင်းအလဲတွေကို သိရှိနားလည်ဖို့နဲ့ ကျွန်တော်တို့တစ်တွေရဲ့ ဘဝတွေ တိုးတက်မြင့်မားအောင်လုပ်ဖို့အတွက် စာနယ်ဇင်းတွေနဲ့ သတင်းစာဆရာတွေကို အမှန်တကယ်အားကိုးနေကြရပါတယ်။

သတင်းစာဆရာလို့ဆိုလိုက်တာနဲ့ လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုကျော်လောက်ကတည်းက ကျွန်တော်တို့စိတ်ထဲမှာစွဲနေတဲ့ သတင်းစာဆရာကြီးတစ်ဦးကို ပြေးပြီး သတိရမိပါတယ်။

၁၉၉၁ ခုနှစ် အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ် ရိုချက်စတာမြို့လေးမှာ ဆီးနှင်းမုန်တိုင်းတွေ ကျရောက်ခဲ့တဲ့အချိန်။ အဲဒီမုန်တိုင်းသတင်းကွင်းဆက်တစ်ခုလုံးကို ကမ္ဘာ့ပြည်သူတစ်ရပ်လုံးခံစားသိရှိသွားအောင် သက်စွန့်ဆံဖျားသတင်းရယူပေးခဲ့တဲ့ သတင်းစာဆရာကြီးတစ်ဦးကို ကျွန်တော်တို့ ဒီနေ့အထိ စွဲထင်မှတ်မိနေတုန်းပါပဲ။

သူကတော့ နယူးယောက်မြို့မှာ ထုတ်ဝေနေတဲ့ ဒီမိုကရက်နဲ့ခရော်နီသတင်းစာမှာ နှစ်ပေါင်း ၃၀ ကျော် အယ်ဒီတာလုပ်ကိုင်ခဲ့တဲ့ ဝါရင့်သတင်းစာဆရာကြီး မက်ဟေဟာ (Mark Hare) ဖြစ်ပါတယ်။ ရေခဲ(ဆီးနှင်း) မုန်တိုင်းလို့ခေါ်တဲ့ ICE STORM ကြောင့်လမ်းတွေပေါ်မှာ သစ်ပင်တွေလဲကျ၊ လျှပ်စစ်ဓာတ်အားနဲ့ တယ်လီဖုန်းအဆက်အသွယ်တွေ ပြတ်တောက်၊ Central Heating System လို့ခေါ်တဲ့ အပူဓာတ်ပို့လွှတ်ပေးတဲ့စနစ်တွေ ကျိုးပြတ်ခဲ့လို့ လူပေါင်းသိန်းသောင်းချီဒုက္ခတွေ့နေချိန်မှာ အိုမင်းမစွမ်းဖြစ်နေတဲ့ သက်ကြီးရွယ်အိုတွေကို ဘေးမသီရန်မခအောင် ရွှေ့ပြောင်းပေးရင်း မုန်တိုင်းရဲ့ အဖြစ်သနစ်တွေကို ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာ ခံစားသိမြင်နိုင်အောင် သတင်းရယူပေးခဲ့တဲ့ သတင်းစာဆရာကြီးတစ်ဦးဖြစ်ပါတယ်။

သူ့ရဲ့အလုပ်အကိုင်နဲ့ပတ်သက်ပြီး Journalist (Must Read) စာအုပ်ရေးသားသူ ဝီလျံဒေးဗစ်သောမက်စ် (Willian Davit Thomos) က ခင်ဗျားဘာဖြစ်လို့ သတင်းစာဆရာလုပ်ရတာလဲလို့ မေးခဲ့ဖူးပါတယ်။

မက်ဟေဟာက **“ပြည်သူတွေကို သူတို့ရဲ့ လူ့အသိုင်းအဝိုင်းမှာ ဘာတွေလုပ်နေကြတယ်၊ ဘာတွေဖြစ်နေကြတယ် ဆိုတာတွေကို ကူညီပေးချင်လို့ သတင်းစာဆရာလုပ်နေတာပါပဲ”**လို့ ပြန်ဖြေခဲ့ပါတယ်။ အင်မတန်လေးစား အတုယူဖွယ်ကောင်းတဲ့ စိတ်ဓာတ်ပါပဲ။

တကယ်တမ်းပြောရရင် သတင်းစာဆရာဆိုတာ မက်ဟေဟာပြောခဲ့သလို ပြည်သူတွေစိတ်ဝင်စားမယ့်သတင်းတွေ၊ အကျိုးရှိမယ့်သတင်းတွေကို မှန်မှန်ကန်ကန် ရှာရှာဖွေဖွေ တင်ပြတတ်သူဖြစ်ရပါမယ်။

သတင်းဆိုတာ လူသားအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားအားလုံးရဲ့ ဖြစ်ရပ်ဇာတ်လမ်းတွေဖြစ်သလို လူတွေရဲ့ ယဉ်ကျေးမှုသမိုင်းနဲ့ ထက်ကြပ်လိုက်တတ်စမြဲလည်း ဖြစ်ပါတယ်။ ဒီနေ့လိုအချိန်မျိုးမှာ လူတိုင်းလူတိုင်းက သတင်းဦး သတင်းထူးရဖို့ သူ့ထက်ငါရှာဖွေနေကြ၊ စေ့ငုနေကြတာတွေဟာလည်း အားလုံးအသိပါပဲ။ စာနယ်ဇင်းတွေ၊ ရေဒီယိုနဲ့ရုပ်မြင်သံကြားတွေ၊ အွန်လိုင်းမီဒီယာစတဲ့ သတင်းရေစီးကြောင်းတွေ၊ သတင်းကွန်ရက်တွေဟာလည်း ဒုန်းဒေးဖြစ်နေလို့ အချို့က Information Age လို့ခေါ်ကြသလို အချို့ကတော့ သတင်းအမှန်တွေရော၊ သတင်းအမှားတွေပါ ရောပြွမ်း ဖြစ်ပေါ်နေတဲ့ Information Explosion လို့လည်း ပြောဆိုလာကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သတင်းအချက်အလက်ဆိုတာ လူ့အဖွဲ့အစည်းအားလုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်မရှိမဖြစ်လိုအပ်နေမှာဖြစ်သလို အဲဒီသတင်းအချက်အလက်တွေကို မှန်မှန်ကန်ကန်ပုံဖော်အသက်သွင်းပေးနေတဲ့ သတင်းစာဆရာကောင်းတွေလည်း မရှိမဖြစ် လိုအပ်နေမှာဖြစ်ပါတယ်။

သတင်းတွေယုံကြည်ရရဲ့လား

မကြာသေးခင်နှစ်များတုန်းက ဝါရှင်တန်ဒီစီအခြေစိုက် ဘက်မလိုက်သော သုတေသနအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Pew Research Center က အမေရိကန်နိုင်ငံရှိ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းအေဂျင်စီနဲ့ အွန်လိုင်းသတင်းဌာနအဖွဲ့အစည်းများကို လူထုစစ်တမ်းကောက်ယူခဲ့ဖူးပါတယ်။ အဲဒီစစ်တမ်းအရ အမေရိကန်ပြည်သူ ၅၈ ရာခိုင်နှုန်းက “အမေရိကန်သတင်းအဖွဲ့အစည်းအားလုံးမှာရှိနေတဲ့ သတင်းထောက် ၂၂ ရာခိုင်နှုန်းဟာ သတင်းမဟုတ်ဘဲ မမှန်မကန်လုပ်ကြံဖန်တီးတင်ပြနေကြတယ်” လို့ ယုံကြည်ထားကြပြီး အမေရိကန်ပြည်သူ ၅၆ ရာခိုင်နှုန်းကတော့ “သတင်းအဖွဲ့အစည်းတွေဟာ မကြာခဏ တိကျမှုမရှိတဲ့ သတင်းတွေကို တင်ပြဖြန့်ချိနေကြတယ်”လို့ ယုံကြည်ထားကြပါတယ်။ အဲဒီစစ်တမ်းကို ဘွန်နီအမ်ဆင်ဒါဆင် (Bonnic M Anderson) ရေးသားတဲ့ News Flsh စာအုပ်မှာ ဖော်ပြထားတာဖြစ်ပါတယ်။

အမှန်အတိုင်းပြောရရင် ယနေ့ကမ္ဘာ့သတင်းစာလောကမှာ အချို့သော ငွေကြေးခနေရှင်ကြီးတွေဟာ သတင်းစာလုပ်ငန်း၊ ဂျာနယ်၊ မဂ္ဂဇင်းထုတ်ဝေရေးလုပ်ငန်း၊ ရုပ်မြင်သံကြားနှင့်ရေဒီယိုလုပ်ငန်းများ၊ အွန်လိုင်းသတင်းဖြန့်ချိရေးလုပ်ငန်းတွေကို လက်ဝါးကြီးအုပ်ပြီး မဟုတ်မမှန်သတင်းတွေ၊ ကောလာဟလသတင်းတွေကို လုပ်ကြံပုံဖျက်ဖုံးကွယ်ပြီး ပြည်သူတွေကို မုသားသတင်းမှိုင်းတိုက်နေကြပါတယ်။ အဆိုးဆုံးအနေနဲ့ မိမိတို့ရဲ့ သတင်းစာရောင်းကောင်းဖို့ အရေး Yellow Journalism ခေါ် အဖော်အချွတ်သတင်းတွေနဲ့ သူတစ်ပါးရဲ့ပုဂ္ဂိုလ်ရေး သိက္ခာချအရှက်ခွဲလိုတဲ့ Pa Pa Razi Journalism များကို မျက်နှာပြောင်တိုက်ထုတ်ဝေလာကြတာကို တွေ့ကြရမှာဖြစ်ပါတယ်။

နေ့စဉ်ကြုံတွေ့နေရတဲ့ လူမှုဝဲသြဂတွေကြားမှာ ကျွန်တော်တို့အတွက် အားကိုးအားထားပြုရမှာက သတင်းစာဆရာတွေရဲ့ သတင်းမီဒီယာတွေသာဖြစ်ပါတယ်။ အဲဒီလိုအားကိုးနိုင်ဖို့ဆိုရင် သတင်းစာဆရာတွေအနေနဲ့ ပထမဆုံးပြည်သူလူထုကြီးကို သစ္စာခံဖို့လိုသလို သတင်းစာပညာရဲ့ ပဓာနအကျဆုံးတာဝန်ဟာ မှန်ကန်ခြင်းပဲဆိုတာကို သိရှိနားလည်ဖို့လိုပါတယ်။

လွတ်လပ်မှုရှိပြီလား

ယနေ့ ကျွန်တော်တို့နိုင်ငံမှာ စာနယ်ဇင်းလွတ်လပ်ခွင့်ရပြီလားလို့မေးရင် လွတ်လပ်ခွင့်ရနေပါပြီလို့သာ ဖြေရပါမယ်။ အမှန်အတိုင်းပြောရရင် ယခင်က စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနခွဲရဲ့ ဆင်ဆာစနစ်အောက်မှာ နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ကြရပါတယ်။ အခုတော့ အဲဒီလိုမဟုတ်တော့။ ထိန်းချုပ်မှုတွေက ကင်းလွတ်ပြီး လွတ်လပ်တဲ့မီဒီယာပတ်ဝန်းကျင်တစ်ခုကို ဝိုင်းဝန်းတည်ဆောက်နေကြပါပြီ။ ဒီနေရာမှာ ကျွန်တော်တို့အားလုံး စဉ်းစားသင့်တဲ့အချက်ဟာ မီဒီယာလွတ်လပ်ခွင့်ကို ကျွန်တော်တို့ လူ့အဖွဲ့အစည်းနဲ့ အံဝင်ခွင်ကျဖြစ်အောင် ဘယ်လိုရယူကြမလဲဆိုတာပဲဖြစ်ပါတယ်။ တကယ်တမ်းပြောရရင် ဒီမိုကရေစီစနစ်ကို ပြန်လည်ကျင့်သုံးခါစ နိုင်ငံတစ်နိုင်ငံအနေနဲ့ Social Responsibility Theory အတိုင်း လူမှုတာဝန်သိသော မီဒီယာပုံစံဖြင့် ကျွန်တော်တို့လူ့အဖွဲ့အစည်းကို တည်ဆောက်ကြရမယ်ထင်ပါတယ်။

ကျင့်ဝတ်သိက္ခာအဓိကပါ

၁၉၉၇ ခုနှစ် ဩဂုတ်လတုန်းက ပြင်သစ်သတင်းစာလီမွန်း (Le Monde) ကိုဒိုင်ယာနာမင်းသမီးက **“သတင်းစာဆိုတာ တယ်ပြီးရက်စက်တာပဲ။ ဘယ်သူ့ကိုမှ ခွင့်မလွှတ်ဘဲ အမှားကိုတွေ့အောင်သာ အမဲလိုက်သလို သဲသဲမဲမဲရှာနေကြတာ”**လို့ပြောခဲ့ဖူးပါတယ်။ သတင်းစာဆရာတွေအနေနဲ့ မိမိရဲ့လုပ်ဆောင်ချက်ဟာ သူတစ်ပါးအပေါ် ဘယ်လိုအကျိုးသက်ရောက်မလဲဆိုတာ စဉ်းစားလုပ်ကိုင်သင့်ပါတယ်။ ဘယ်သူအကျိုးရှိမလဲ၊ ဘယ်သူအကျိုးယုတ်သွားမလဲ၊ ဘယ်သူ့မှာအန္တရာယ်ရှိလာမလဲ စသဖြင့်ပေါ့။

သတင်းစာဆရာကောင်းဆိုတာ ပညာရပ်ကျွမ်းကျင်ရုံနဲ့ မလုံလောက်ပါဘူး။ ကျင့်ဝတ်စောင့်ထိန်းဖို့လည်း လိုအပ်ပါတယ်။ သတင်းတွေဆိုတာ လူအများအပြားဆီရောက်သွားပြီး အဲဒီသတင်းတွေဟာ လူတွေရဲ့စဉ်းစားတွေးခေါ်ပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံတွေမှာ ဩဇာလွှမ်းမိုးနေတတ်တာမို့ သတင်းစာဆရာရဲ့တာဝန်ဟာ အင်မတန်ကြီးတယ်လို့ပြောရမှာပါပဲ။ သတင်းစာဆရာရဲ့ တာဝန်ဟာ ဖြောင့်မတ်ရမယ်၊ အမှီအခိုကင်းရမယ်၊ မျှတမှုရှိရမယ်ဆိုတာတွေကို နားလည်ထားရပါမယ်။

ကျင့်ဝတ်သိက္ခာ မထိန်းဘူးဆိုရင် သူတို့ရဲ့သတင်းအရင်းအမြစ်တွေ၊ သူတို့ရဲ့သတင်းစာတွေ၊ သူတို့ရဲ့စာဖတ်သူတွေအားလုံး ထိခိုက်နစ်နာစေမှာအမှန်ပါပဲ။ အကယ်၍ မတိကျတဲ့၊ အနက်ကောက်လွဲစေတဲ့ ပုံဖျက်ထားတဲ့ အချက်အလက်တွေကို ဖော်ပြမိခဲ့ရင်လည်း သိက္ခာရှိရှိ ပြင်ဆင်ချက် ထုတ်ပြန်ပေးရမှာဖြစ်ပါတယ်။

အထူးသဖြင့် အချို့သောသတင်းစာဆရာများ သတိမမူဖြစ်နေတဲ့ အချက်တစ်ချက်ကို တင်ပြချင်ပါတယ်။ အဲဒါကတော့ အသရေဖျက်ခြင်းပဲဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးရဲ့ အသရေဆိုတာ အဲဒီပုဂ္ဂိုလ်အတွက် ကိုယ်ပိုင်ပစ္စည်းဖြစ်ရုံသာမက အခြားပစ္စည်းတွေထက်လည်း တန်ဖိုးကြီးပါတယ်။ အသရေပျက်စေတဲ့ ဖော်ပြချက်တွေဟာ ပြစ်မှုမြောက်တဲ့အပြင် တရားမကြောင်းနဲ့ စွဲဆိုနိုင်တဲ့ နစ်နာမှုလည်းဖြစ်ပါတယ်။

အသရေပျက်စေခြင်းဆိုတာဟာ လူတစ်ဦးတစ်ယောက်ကို မုန်းထားအောင်၊ မလေးစားအောင် သို့မဟုတ် ထိုသူရဲ့ အလုပ်အကိုင်ဖြစ်စေ၊ အတတ်ပညာနဲ့ အသက်မွေးမှုကို ဖြစ်စေ၊ ကုန်သွယ်ရောင်းဝယ်မှုကိုဖြစ်စေ၊ စီးပွားရှာမှုကိုဖြစ်စေ၊ ထိခိုက်နစ်နာအောင်၊ ထိုသူအားပေါင်းသင်း ဆက်ဆံရေးမှာ အများကရှောင်ကြဉ်အောင် ဖော်ပြရင်အသရေပျက်စေတယ်လို့ ဥပဒေပညာရှင်တွေက ဆိုထားပါတယ်။

အချို့သော သတင်းစာဆရာတွေဟာ သတင်းစာဆရာဆိုတဲ့ စကားလုံးကို အကာအကွယ်ယူပြီး အသေရေဖျက်ဖော်ပြမှုတွေကို ကျူးလွန်မှန်းမသိ ကျူးလွန်နေကြပါတယ်။ ဒါတွေကို သတင်းစာဆရာသမားချင်းချင်း၊ သတင်းစာတိုက်၊ ဂျာနယ်တိုက်အချင်းချင်း အပြန်အလှန်ထိန်းသိမ်းကြဖို့လည်း လိုအပ်ပါတယ်။ ယနေ့ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီက ထုတ်ပြန်ထားတဲ့ သတင်းမီဒီယာကျင့်ဝတ်တွေသာ လိုက်နာမယ်ဆိုရင် ရင့်ကျက်တဲ့ ဒီမိုကရက်တစ်လူ့ အဖွဲ့အစည်းကြီးတစ်ခု ဖြစ်ပေါ်လာမှာအမှန်ပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီက သတင်းပြန်ကြားရေးလုပ်ငန်းများနဲ့ ပတ်သက်လို့ **“စိတ်ကူးစိတ်သန်းများ စီးဆင်းခြင်း၊ သတင်းအချက်အလက်များကို သိရှိပြီး ရွေးချယ်မှုများကို ပြုလုပ်နိုင်စွမ်းရှိခြင်း၊ ဝေဖန်စောဒကတက်နိုင်စွမ်းရှိခြင်း၊ နိုင်ငံရေးဒီမိုကရေစီမှီတည်သော ယူဆချက်များရှိခြင်း စသည်တို့သည် သတင်းပြန်ကြားရေးပေါ်တွင် မူတည်သည်”**လို့ပြောဆိုခဲ့ဖူးပါတယ်။ အဲဒီစကားလုံးများဟာ ၂၁ ရာစုသတင်းရာစုနှစ်အတွက် ပိုလို့ပင်မှန်နေပါသေးတယ်။ ယနေ့ ကျွန်တော်တို့ တည်ဆောက်နေတဲ့ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းကြီးတစ်ခု အားကောင်းမောင်းသန်ဖြစ်ပေါ်လာဖို့ဆိုရင် စာနယ်ဇင်းမဏ္ဍိုင်ကြီး အခြေခိုင်ခိုင်ဖြစ်ထွန်းနေရမှာဖြစ်တဲ့အတွက် သတင်းစာဆရာအားလုံးက ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး ဒေါက်တိုင်သဖွယ်ကူညီပံ့ပိုးပေးကြစေလိုပါတယ်။ ။

> **သတင်းစာဆရာကောင်းဆိုတာ ပညာရပ်ကျွမ်းကျင်ရုံနဲ့ မလုံလောက်ပါဘူး။ ကျင့်ဝတ်စောင့်ထိန်းဖို့လည်း လိုအပ်ပါတယ်။ သတင်းစာဆရာရဲ့ တာဝန်ဟာ ဖြောင့်မတ်ရမယ်၊ အမှီအခိုကင်းရမယ်၊ မျှတမှုရှိရမယ်။**

ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ

မိဘနှစ်ပါးဖြစ်ကြသော ဦးချစ်မောင်နှင့် (ဒေါ်တင်မြ)တို့၏ မင်္ဂလာနှစ်(၆၀)ပြည့် ၁၁-၇-၂၀၁၄ရက်တွင် ရန်ကုန်မြို့၌ သံဃာတော်အပါး(၆၀၀)၊ ညောင်တုန်းမြို့၌ သံဃာတော်အပါး(၃၃၁)၊ ဟင်္သာတမြို့၌ သံဃာတော်အပါး(၄၅၀)၊ မန္တလေးမြို့၌ သံဃာတော်အပါး(၄၁၆၆)၊ မုံရွာမြို့၌ သံဃာတော်အပါး(၂၈၆၃)၊ ပဲခူးမြို့၌ သံဃာတော်အပါး(၁၃၀၀)၊ ခရမ်းမြို့၌ သံဃာတော်အပါး(၃၅၀)၊ သံဃာတော်အပါး(၁၀၀၆၀)ပါး (တစ်သောင်းကျော်)တို့အား စိန်ရတုမင်္ဂလာဆွမ်းဆက်ကပ်လှူဒါန်းခြင်း အလှူဒါနအတွက် ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုလိုက်ပါသည်။

သားသမီးနှင့်မြေးများ

၁။ ဦးလှိုင်သန်းမော်-ဒေါ်နုနုရီ
မြေး - ကိုရဲမျိုးမောင်၊ မအိမ့်ဆုမွန်၊
မနှင်းလဲ့အောင်၊ ကိုမိုးပြည့်စိုး
၂။ ဦးအောင်မြင့်သိန်း-ဒေါ်ချိုချိုဦး၊ မြေး-နန်းရွှေရည်ဖူး
၃။ (ဒေါ်ခင်မြင့်ရီ)
၄။ ဦးဝင်းအောင်-ဥတ္တိုကြန်၊ မြေးများ-မသီရိအောင်၊ ကိုခနအောင်

ပျောက်ဆုံးကြောင်း

ဆရာတော်ဦးမဟိန္ဒ [၁/မကန(သ)၀၀၀၇၀၄] Pass-Port (No.မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၇၀၂၀၅၇၂

အမည်ပြောင်း

သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ်(၂၃/၃၉၄)နေ ဦးဝင်းမြင့်[၂/လကန(နိုင်)၀၅၄၁၄၇]၏သားဖြစ်သူ ဇာနည်ဝင်းမြင့်[၂/လကန(နိုင်)၀၅၃၉၆၈]အား ယနေ့မှစ၍ ကောင်းသစ်ဝင်းမြင့်ဟု ပြောင်းလဲခေါ်ပါရန်။

ကောင်းသစ်ဝင်းမြင့်

အလိုရှိသည်

သံရုံးယာဉ်မောင်း(၁)ဦး
ကမ္ဘောဒီးယားသံရုံး
25(3B/4B)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်း၊ ရန်ကုန်၊
ဖုန်း-၀၁-၅၄၉၆၀၉၊ ၀၁-၅၄၀၉၆၄

ဖခင်အမည်မှန်

ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်နေ မောင်ဇော်မင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းကွန့် [၅/ဝလန(နိုင်)၀၇၉၂၃၅] ဖြစ်ပါကြောင်း။

ဦးသောင်းကွန့်

စာအုပ်စာပေ လှူမိတ်ဆွေ



သွေးလွန်တုပ်ကွေးကာကွယ်မှု အစီအစဉ် အလှမွေးငါးအသင်းက အကောင်အထည်ဖော်

ရန်ကုန် ဇူလိုင် ၁၀

ခြင်လောက်လမ်းစားသော ငါးများကို အသုံးပြုကာသွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ပညာပေး အစီအစဉ်တစ်ခုကို မြန်မာနိုင်ငံအလှမွေး ငါးလုပ်ငန်းရှင်များအသင်းမှ အကောင်အထည်ဖော် လျက်ရှိကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါပြန့်ပွားစေသည့် အဓိကအချက်မှာ ခြင်ပေါက်ပွားမှုများဖြစ်ခြင်းကြောင့် ခြင်ပေါက်ပွားမှုနှုန်းကို ဇီဝနည်းဖြင့် လျှော့ချထိန်းချုပ်ခြင်း (Biological Control) ပြုလုပ်နိုင်ရန်အတွက်လည်းကောင်း၊ စိတ်ပါဝင်စားသော စေတနာ့ဝန်ထမ်း ပြည်သူများနှင့် လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူတို့၏ အကူအညီဖြင့် ခြင်လောက်လမ်းစားသော အလှမွေးငါးများကို ခြင်အမြောက်အမြား ပေါက်ပွားတတ်သည့်နေရာများတွင် လွှတ်ပေးမည့် ရပ်ရွာအကျိုးပြု လူမှုရေးလုပ်ငန်း အစီအစဉ်များကို ဆောင်ရွက်ရန်၊ သွေးလွန်တုပ်ကွေးကာကွယ်ရေးတွင် မိသားစုတိုင်း ပါဝင်ဆောင်ရွက်နိုင်သော ခြင်လောက်လမ်းစားအလှမွေးငါးများ မွေးမြူအသုံးပြုပုံပညာပေး အစီအစဉ်ကိုကျောင်းသားအခြေပြု ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါ သွေးလွန်တုပ်ကွေးကာကွယ်ရေးနှင့် ပညာပေးရှေ့ပြေး အစီအစဉ် (Pilot Scale)သည် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အလှမွေးငါးလုပ်ငန်းရှင်အသင်း၏ ရည်ရွယ်ချက်များအရ နိုင်ငံတော်နှင့် အများပြည်သူအကျိုးစီးပွားအတွက် အထောက်ပံ့ဖြစ်စေရန် ရည်ရွယ်၍ အမှုဆောင်အဖွဲ့များ၊ စေတနာရှင်များ၊ စိတ်ပါဝင်စားသူများ ပူးပေါင်းကာ စမ်းသပ်အကောင်အထည်ဖော်ရန် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် အများသဘောတူ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ထိုအစီအစဉ်တွင် အလှူရှင်များထံမှရရှိလာသော ခြင်လောက်လမ်းစားအလှမွေးငါးများကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း၌ ယာယီငါးကန်များပြုလုပ်၍ လက်ခံထိန်းသိမ်းရန် စီစဉ်ထားကာ လတ်တလောတွင် ဒေါင်းငါး ၁၅၀၀၀၊ ပုလဲငါး ၅၀၀၀၊ ရွှေနှင်းဆီ ၂၀၀၀၊ ဇီးဘရား ၁၀၀၀၊ ငါးဖျင်းသလက် ၁၀၀၀ တို့ကို စုဆောင်းထားလျက်ရှိသည်။ ထိုသို့ စုဆောင်းထားသော ငါးများမှ သွေးလွန်တုပ်ကွေးနှိမ်နင်းရေးအတွက် တောင်းခံလာသူများကို အကူအညီပေးသွားမည်ဖြစ်ပြီး ထိုခြင်လောက်လမ်းစားငါးများ အသုံးပြု၍ ဇီဝနည်းဖြင့် ခြင်ပေါက်ပွားမှုထိန်းချုပ်လျှော့ချသည့် နည်းလမ်းကိုကျောင်းသားကျောင်းသူများထံ ပညာပေးမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူလူငယ်များအခြေပြု၍ မိသားစုတိုင်းပါဝင် ဆောင်ရွက်နိုင်သောရပ်ရွာအကျိုးပြု လူမှုရေးလုပ်ငန်းတစ်ခုအဖြစ်သို့ ရောက်ရှိလာစေရန် ကူညီပံ့ပိုးသွားရန်စီစဉ်ထားကြောင်း ခြင်အမြောက်အမြား ပေါက်ပွားသည့်နေရာများတွင် ခြင်လောက်လမ်း နှိမ်နင်းရေးအတွက် ခြင်လောက်လမ်းများဖမ်းဆီးနိုင်မည့် ဆန်ခါများကိုလည်းအသင်းက ပံ့ပိုးပေးမည်ဖြစ်ကြောင်း ဖမ်းမိလာသော ခြင်လောက်လမ်းများကို အလှမွေးငါးများအား ကျွေးရန်အတွက် ဝယ်ယူမှုများ လုပ်ဆောင်သွားမည်ဟုသိရသည်။

ထို့ကြောင့် ယင်းအစီအစဉ်နှင့် ပတ်သက်ပြီး အကူအညီများတောင်းခံခြင်း၊ ပညာပေးအစီအစဉ်ဆောင်ရွက်လိုခြင်း၊ အလှမွေးငါးများပါဝင်လှူဒါန်းလိုခြင်းတို့ကို ပြုလုပ်လိုပါက မြန်မာနိုင်ငံ အလှမွေးငါးလုပ်ငန်းရှင်များအသင်းသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(၆၈၀)**

သားမယားအဖြစ်နေထိုင်ပုံများကို အင်တာနက်တင်သူ မကွေးမြို့နယ်တရားရုံးက ထောင်နှစ်နှစ်ချမှတ်

မကွေး ဇူလိုင် ၁၀

မကွေးမြို့တွင် နာမည်ကြီး (SHOPPING MALL) စတိုးဆိုင်တွင် လွန်ခဲ့သော ကိုးနှစ်ခန့်ကတည်းက အလုပ်လုပ်ကိုင်နေသည့် တရားလိုမိန်းကလေးသည် အဆိုပါ ဆိုင်မှ ပစ္စည်းဝယ်ယူဖောက်သည်ဖြစ်သည့် ဦး. . . အသက်(၄၂)နှစ် ကန်သာရပ်ကွက်နေသူနှင့် ခင်မင်ရင်းနှီးကာ စတိုးဆိုင်ပိတ်ချိန် နောက်ပိုင်းတွင် တီဗွီအောက်စက် ပြုပြင်သည့် ပညာသွားရောက်သင်ယူခဲ့စဉ် ငြိစွန်းခဲ့ပြီး သားမယားအဖြစ်နေထိုင်ခဲ့ကြောင်း၊ ထို့နောက် ထိုသူတွင် အိမ်ထောင်ရှိကြောင်းသိရသဖြင့် တရားလိုမိန်းကလေးက ရှောင်တိမ်းနေစဉ် ရက်မမှတ်မိည ၇ နာရီချိန် ထိုသူရောက်ရှိလာပြီး ၎င်းငှားရမ်းနေထိုင်သည့် နေအိမ်သို့ အတင်းအကျပ် ခေါ်ဆောင်သွားသဖြင့် လိုက်သွားခဲ့ရာ ၎င်းက သားမယားအဖြစ် နေထိုင်ရန်ပြောကြားခဲ့ရာ ငြင်းဆန်ခဲ့သဖြင့် မိန်းကလေး၏ ပါးကို ဘယ်ပြန်ညာပြန်ရိုက်ပြီး ခန္ဓာကိုယ်အား ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ပြုလုပ်ပစ်မည်ဟု ခြိမ်းခြောက်ကာ မိန်းကလေးအား သားမယားအဖြစ်ပြုကျင့်ကြောင်း၊ ထို့နောက် သားမယားအဖြစ်နေထိုင်သည့် ပုံများကို အင်တာနက်တင်မည်ဟု ခြိမ်းခြောက်ကာ အခွေများအား မိန်းကလေးထံလာရောက်ပေးသဖြင့် တရားလိုမိန်းကလေးက ရှက်သဖြင့် မန္တလေးသို့ နှစ်ပတ်ကြာထွက်သွားခဲ့သည်။

ထို့နောက် မကွေးမြို့သို့ ပြန်လည်ရောက်ရှိပြီး မိမိအလုပ်လုပ်ကိုင်ခဲ့သည့် စတိုးဆိုင်တွင် ပြန်လည်အလုပ်လုပ်ကိုင်နေစဉ် ၂၀၁၃ ခုနှစ် ဇူလိုင် ၈ ရက်တွင် ၎င်းအလုပ်လုပ်ကိုင်နေသည့် ဆိုင်မှဝန်ထမ်းအမျိုးသားက တရားလိုမိန်းကလေးနှင့် သားမယားအဖြစ်နေထိုင်သည့် ဗွီဒီယိုအား အင်တာနက်ဝက်ဘ်ဆိုက်တစ်ခုတွင် ကြည့်ရှုရကြောင်း ပြောကြားရာ သိရှိခဲ့သဖြင့် ဦး. . . အား အရေးယူပေးပါရန် တရားလိုပြုလုပ် တိုင်တန်းခဲ့သောအမှုဖြစ်သည်။ မကွေးမြို့မရဲစခန်းမှ ဦး. . . အား (ပ) ၁၃၇/၂၀၁၃ ပုဒ်မ ၃၇၆/၅၀၀/၅၀၆ ဖြင့် အမှုဖွင့် အရေးယူထားပြီး အဆိုပါ အမှုအား ခိုင်မာစွာတည်ဆောက်၍ မကွေးမြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မကွေးမြို့နယ် တရားရုံးက ဇူလိုင် ၄ ရက်တွင် တရားခံ ဦး. . . အား ပုဒ်မ ၃၇၆ အရ ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

❐ ❐

ဖရူဆိုမြို့နယ်တွင် ငွေစုငွေချေးသမဝါယမအသင်း စည်းဝေး

ဖရူဆို ဇူလိုင် ၁၀

ကယားပြည်နယ် ဖရူဆိုမြို့နယ် ဝီမိုးကု ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၇ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဝီမိုးကုငွေစုငွေချေးသမဝါယမအသင်း ဥက္ကဋ္ဌကိုယ်စား အမှုဆောင်ကော်မတီဝင် ဒေါ်ဂျက်နက်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆေးရာဖီးနာက ဝီမိုးကု ငွေစုငွေချေးသမဝါယမအသင်း၏ လုပ်ငန်းအစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်ချုပ်အစီရင်ခံစာကို ကော်မတီဝင်တစ်ဦးက ဖတ်ကြား၍ ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကာ အများသဘောတူဆုံးဖြတ်ကြကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လေ့လာ

မော်လမြိုင် ဇူလိုင် ၁၀

မော်လမြိုင်တက္ကသိုလ်မှ ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်း လေ့လာခြင်းအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်လမြိုင်တက္ကသိုလ် ဥပဒေပညာဌာနမှူးပါမောက္ခ (ဌာနမှူး) ဒေါက်တာ မိခင်စောအောင်က ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများ တရားခွင်လက်တွေ့လုပ်ငန်း လာရောက်လေ့လာရသည့် အကြောင်းကို ရှင်းလင်းတင်ပြ၍ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပြဋ္ဌာန်းချက်များပါ တရားရုံးအဆင့်ဆင့်၏ တရားစီရင်ရေးလုပ်ငန်းများနှင့် မွန်ပြည်နယ် တရားစီရင်ရေးအခြေအနေတို့ကို ပြန်လည်ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဥပဒေပညာအထူးပြု ကျောင်းသား ကျောင်းသူများသည် ကြီးကြပ်ဆရာ ဆရာမများ လိုက်ပါ၍ မွန်ပြည်နယ် တရားလွှတ်တော်၊ မော်လမြိုင်ခရိုင်တရားရုံးနှင့် မော်လမြိုင်မြို့နယ် တရားရုံးတို့တွင် တရားစီရင်နေမှုများနှင့် တရားခွင်လက်တွေ့လုပ်ငန်းများကို ဆက်လက်လေ့လာခဲ့ကြကြောင်း သိရသည်။

(ပြည်နယ်တရားလွှတ်တော်)

ကာကွယ်ဆေးထိုးနှံ၊ ဝက်ရောဂါအကြောင်း ပညာပေးဟောပြော

အင်းစိန် ဇူလိုင် ၁၀

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အင်းစိန်မြို့နယ် ဦးစီးမှူး ဒေါက်တာတင်ထွန်း ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် အင်းစိန်မြို့နယ် ကမ်းနားအနောက်ရပ်ကွက်မှ ဝက် ၈၅ ကောင်ကို ဝက်ဝမ်းကျကာကွယ်ဆေး၊ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီး ဝက်ခြံ ၁၁ ခြံ၌ ပိုးသတ်ဆေးဖျန်းပေးခဲ့သည်။ ထို့နောက် ကမ်းနားအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဝက်တွင်ဖြစ်တတ်သော ရောဂါများအကြောင်းကို ပညာပေးဟောပြောခဲ့သည်။ **(သတင်းစဉ်)**

မိခင်တစ်ဦး၏ဘဝနှင့် အနုပညာက အဓိကဦးစားပေးဖြစ်ကြောင်း ကေတီဟုမ်း ပြောကြား

အမေရိကန်မင်းသမီးနှင့် မော်လ်ဒယ်တစ်ဦးဖြစ်သူ ကေတီဟုမ်းက ၎င်း၏ဘဝတွင် အချစ်ရေးထက် မိခင်တစ်ဦး၏ဘဝနှင့် အနုပညာလုပ်ငန်းတို့က အဓိကဦးစားပေးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နာမည်ကျော် ဟောလိဝုဒ်မင်းသား တွမ်ခရုဇ်နှင့် ကွဲကွာခဲ့သည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်သည့် မင်းသမီး ကေတီဟုမ်းက "ယခုလက်ရှိမှာ မိခင်တစ်ဦးရဲ့ဘဝကိုပဲ အာရုံထားပါတယ်၊ မိခင်တစ်ဦးဖြစ်ရတာ အကြီးမားဆုံးသော လက်ဆောင်တစ်ခုရရှိလိုက်ခြင်းပါပဲ၊ မိခင်တစ်ဦးဖြစ်လာရကတည်းက ကျွန်မရဲ့ဘဝဟာ အားလုံးပြောင်းလဲခဲ့ပါတယ်"ဟု ဗြိတိန်နိုင်ငံထုတ် Daily Mirror သတင်းစာသို့ ပြောကြားခဲ့သည်။

မင်းသမီး ကေတီဟုမ်း၏ အနုပညာလောကသို့ ပြန်လည်ခြေချမှုများအနေဖြင့် ယခုနှစ် ဩဂုတ်လတွင် ထွက်ရှိမည့် စာရေးဆရာ Lois Lowry ၏ အမည်တူဝတ္ထုကို ပြန်လည်ပုံဖော်ထားသည့် The Giver စိတ်ကူးယဉ်သိပ္ပံဇာတ်ကားတွင် လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ထွက်ရှိမည့်အမေရိကန်-ဗြိတိန်ဒရာမာဇာတ်ကား The Woman in Gold တွင်လည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ကလေးမြို့ ရက်ကန်းရုံမှ အိုင်ဇောလ်ဒီဇိုင်းအထည်ရက်လုပ်ကြသော အမျိုးသမီးများ ဝင်ငွေတိုး

ကလေး ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ရက်ကန်းရုံများတွင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ရှိ အိုင်ဇောလ်ဒီဇိုင်း အထည်များကိုရက်လုပ်ပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ အထည်ဈေးကွက်၌ အရောင်းအဝယ်သွက်လာ၍ ကလေးမြို့ ဒေသခံရက်ကန်းရက်လုပ်ကြသော အမျိုးသမီးများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွား ရရှိလာကြကြောင်း သိရသည်။

အဆိုပါ ရက်ကန်းရက်လုပ်ခြင်းလုပ်ငန်းကို ယခင်က အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် အိုင်ဇောလ်မြို့သို့ သွားရောက် လုပ်ကိုင်ကြကြောင်း၊ ယခုအခါ မိမိနေရပ်ဒေသအတွင်း၌ ပြန်လည်အခြေချကာ ရက်ကန်းစင်ထောင်ကြကြောင်း၊ မီဇိုရမ်ပြည်နယ်မှ အိုင်ဇောလ်ဒီဇိုင်းအထည်များ မှာယူမှုများလာခြင်းကြောင့် ရက်လုပ်ရောင်းချလာရာ ဝင်ငွေတိုးပွား ရရှိလာကြောင်း၊ ယင်းအထည်များသည် စီလွန်ချည်နှင့် အတိုင်အဖောက်ရက်လုပ်ထားခြင်းဖြစ်ပြီး အိုင်ဇောလ်အဆင် အမျိုးသမီးဝတ်လုံချည် ဝမ်းဆက်တစ်စုံလျှင် ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ အထိ အစားစားရက်လုပ်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ရက်ကန်းလုပ်ကိုင်သူ မိန်းကလေးများ လုပ်အားခ တစ်လလျှင် ငွေကျပ်ငါးသောင်းမှ ကျပ်တစ်သိန်းအထိ ရရှိကြကြောင်း ကလေးမြို့ တာဟန်းရပ်ကွက်အတွင်း ရက်ကန်းရက်လုပ်သူ လုံမေတစ်ဦးက ပြောပြသည်။

ကလေးမြို့ပေါ်တွင် ရက်ကန်းစင်ပေါင်း ၄၀၀၀ ကျော်ရှိရာ အဆိုပါ ရက်ကန်းစင်များတွင် ရက်ကန်းလုပ်ငန်း လုပ်ကိုင်လာရခြင်းကြောင့် ဒေသအတွင်း အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာ၍ တစ်ဖက်တစ်လမ်းမှလည်း ဝင်ငွေတိုးပွားလျက်ရှိပြီး ကလေးဒေသထွက် ရက်ကန်းထည်များကို အိန္ဒိယနိုင်ငံအပြင် အခြားပြည်ပနိုင်ငံကြီးများသို့လည်းကောင်း၊ ရန်ကုန်၊ မန္တလေး၊ မုံရွာနှင့် အခြားမြို့ကြီးများရှိ ချင်းရိုးရာအထည်ဆိုင်များသို့ လည်းကောင်း တင်ပို့ရောင်းချကြကြောင်း သိရသည်။ **ဇိုဟေဆာ(ချင်းတောင်ခြေ)**

ဟာဂျီဝန်အား အခွန်လုပ်ငန်းများ၏ ပရိုမိုးရှင်းသံတမန်အဖြစ် ခန့်အပ်

တောင်ကိုရီးယားကြယ်ပွင့် မင်းသမီး ဟာဂျီဝန်အား တောင်ကိုရီးယားအမျိုးသားအခွန်လုပ်ငန်းများ၏ ပရိုမိုးရှင်းသံတမန်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း အခွန်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

အမျိုးသားအခွန်လုပ်ငန်းများဆိုင်ရာ ပရိုမိုးရှင်းသံတမန်အဖြစ် ဟာဂျီဝန်အပြင် မင်းသား Gong Yoo ကိုပါ ပူးတွဲခန့်ထားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးအား ရွေးချယ်ရခြင်းနှင့်ပတ်သက်ပြီး "သူတို့နှစ်ဦးဟာ စံနမူနာပြ အခွန်ထမ်းသူတွေဖြစ်တဲ့အတွက် ရွေးချယ်ရခြင်းဖြစ်ပြီး ပရဟိတလုပ်ငန်းတွေကိုလည်း ဆက်လုပ် သွားစေမှာပါ၊ နောက်ပြီး သူတို့နှစ်ဦးဟာ သမ္မတရဲ့ထောက်ခံချက်အပြည့်အဝရထားတဲ့သူတွေလည်းဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဟာဂျီဝန်နှင့် မင်းသား Gong Yoo တို့အား သံတမန်အဖြစ် ခန့်အပ်ပွဲအပြီး တာဝန်ရှိသူတစ်ဦးနှင့်အတူ တွေ့ရစဉ်။

လာမည့်နှစ်နှစ်အတွင်း ၎င်းတို့နှစ်ဦးသည် အခွန်ဆိုင်ရာပရိုမိုးရှင်းပိုစတာများနှင့် အခွန်ထမ်းမှုဆိုင်ရာ ထောက်ပံ့မှုများတွင် ပါဝင်အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

မျိုးစန္ဒာမောင် စုစည်းသည်

[illegible]

မွေးနေ့ဆုတောင်းလွှာ

ဒေါ်ခင်နုနု(ပထဝီဝင်)သို့ -

၁၉၆၅-၆၆ လုပ်သားများကောလိပ်(ပထဝီဝင်)ပထမနှစ်မှစ၍ ယနေ့တိုင် ပထဝီဝင်မိသားစုများ စဉ်ဆက်မပြတ် ထိတွေ့ခွင့်ရအောင် နွေးထွေးသော စေတနာ၊ မေတ္တာများ စီစဉ်ဆောင်ရွက်ပေးခဲ့သော မမနုနှင့်တကွ Feel မိသားစု များအား အထူးကျေးဇူးတင်လျက်ပါ-

ထူးထူးခြားခြား ဝါဆိုလပြည့်နေ့နှင့် တိုက်ဆိုင်နေသော မမနုရဲ့ အသက်(၉၀)ပြည့်မွေးရက် ဇူလိုင်လ ၁၁ရက်နေ့မှစ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် (Feel)မိသားစု၏မိခင်ကြီးအဖြစ် အသက်ရာကျော်ရှည်စေသော်-

ပထဝီဝင်မိသားစုများ(၁၉၆၅-၇၀)
လုပ်သားများကောလိပ်

ကုသိုလ်လည်းရ
ဝမ်းလည်းဝ
ကျသင့်အခွန်
တို့ကျေပွန်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင် အလုပ်လျှောက်ထားလာသူ Master ဘွဲ့ရများနှင့် Bachelor ဘွဲ့ရများအတွက် အလုပ်ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်ကြေညာခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတွင် အလုပ်ခန့်ထားရန်အတွက် သတင်းစာမှ ကြော်ငြာခေါ်ယူခဲ့သော ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်း အင်ဂျင်နီယာသုတေသနဦးစီးဌာနတွင် အလုပ်ခန့်ထားရန်အတွက် အလုပ်လျှောက်ထားလာသော Master ဘွဲ့ရများနှင့် Bachelor ဘွဲ့ရများ၊ သုတေသနဌာနများတွင် အလုပ်ခန့်ထားရန်အတွက် အလုပ်လျှောက်ထားလာသော M.Sc (Geology), B.Sc (Geology) ဘွဲ့ရများ၊ ပြည်ထောင်စုဝန်ကြီးရုံး (နေပြည်တော်)တွင် အလုပ်ခန့်ထားရန်အတွက် အလုပ်လျှောက်ထားလာသူ LL.M ဘွဲ့ရများအားလုံးသည် အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	ဖြေဆိုမည့် ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
(က)	အင်္ဂလိပ်စာ ဘာသာရပ်	၂-၈-၂၀၁၄ ရက် (စနေနေ့)	နံနက် ၉း၀၀ နာရီ မှ ၁၂း၀၀ နာရီထိ	အထက်မြန်မာပြည်တွင် အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့်စာစစ်ဌာန မန္တလေးနည်းပညာတက္ကသိုလ်နှင့် အောက်မြန်မာပြည်တွင် အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့်စာစစ်ဌာန ရန်ကုန်နည်းပညာတက္ကသိုလ် ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခံရမည့်သူများစာရင်းအား သက်ဆိုင်ရာစာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။
(ခ)	သက်ဆိုင်ရာ ဘာသာရပ်	၃-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့)	နံနက် ၉း၀၀ နာရီ မှ ၁၂း၀၀ နာရီထိ	
(ဂ)	လူတွေ့စစ်ဆေးခြင်း			

၂။ ဖြေဆိုမည့်သူများသည် ၂၉-၇-၂၀၁၄ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာစာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ်-၀၂-၅၇၃၆၃၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်းနံပါတ်-၀၁-၅၂၂၆၆၁ နှင့် ပြည်ထောင်စုဝန်ကြီးရုံး ဖုန်းနံပါတ်-၀၆၇-၄၀၄၀၁၇၊ ၀၆၇-၄၀၄၀၁၈ တို့တွင် ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၀

မြန်မာတိုက်ကွမ်ဒို အားကစား ဖွံ့ဖြိုးတိုးတက်ရန်နှင့် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲအတွေ့အကြုံရရှိရေး လာမည့်အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများ၌ အဆင့်မြင့်မြင့်နှင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းရေး ရည်ရွယ်လျက် ကိုရီးယားသမ္မတနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ပြီး ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဇော်ဝင်း ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် တိုက်ကွမ်ဒိုအဖွဲ့သည် ဇူလိုင် ၈ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြသိဏ်းနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

မြန်မာ့လက်ရွေးစင်တိုက်ကွမ်ဒိုအဖွဲ့တွင် အုပ်ချုပ်သူနည်းပြ လေးဦး၊ အတိုက်ကစားသမား ခုနစ်ဦးနှင့် ကကွက်ကစားသမား သုံးဦးစုစုပေါင်း တိုက်ကွမ်ဒိုအားကစားအဖွဲ့ဝင် ၁၄ ဦး ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်တိုက်ကွမ်ဒို အားကစားသမားများသည် ကိုရီးယားသမ္မတနိုင်ငံတွင် ပြိုင်ပွဲများနှင့် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ကြပြီး အပြည်ပြည်ဆိုင်ရာပြိုင်ပွဲအတွေ့အကြုံများ ရယူကာ ၂၀၁၄ ခုနှစ် (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၏ တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

(၂၈) ကြိမ်မြောက် စင်ကာပူဆီးဂိမ်းအတွက် မြန်မာလှေလှော်အဖွဲ့ စတင်လေ့ကျင့်

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများစွာ ရရှိခဲ့သည့် မြန်မာလှေလှော်အဖွဲ့မှာ လာမည့် ၂၈ ကြိမ်မြောက် စင်ကာပူ ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်မှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ပဏာမကစားသမား ၉၁ ဦး ရွေးချယ်ထားပြီး အမျိုးသား ၅၂ ဦး၊ အမျိုးသမီး ၃၉ ဦး ပါဝင်လျက်ရှိသည်။ မြန်မာ့လှေလှော်အားကစားအဖွဲ့မှာ ပြီးခဲ့သည့် ဆီးဂိမ်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကစားသမား ၁၀၀ ခန့်အတွင်း အယောက် ၅၀ ကျော်ကို ပြန်လည်ရွေးချယ်ထားခဲ့ပြီး မျက်နှာသစ်လူငယ်ကစားသမား ၄၀ ကျော်ထိ ပါဝင်လာကြောင်း သိရသည်။ လက်ရှိအချိန်တွင် မြန်မာလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူမှာ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအပြီးတွင် အနားယူသွားခဲ့သောကြောင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယာယီတာဝန်ယူထားပြီး ပြိုင်ပွဲနီးကပ်ချိန်တွင် နိုင်ငံခြားသားနည်းပြတစ်ဦးကို တာဝန်ပေးခန့်အပ်သွားမည်ဖြစ်သည်။ **(ရဲစွမ်း)**

ဂိုးအများဆုံးသွင်းထားသူများ		
၁။ ရိုဒရီဂွက်ဇ်	ကိုလံဘီယာ	(၆) ဂိုး
၂။ မူလာ	ဂျာမနီ	(၅) ဂိုး
၃။ မက်ဆီ	အာဂျင်တီးနား	(၄) ဂိုး
၄။ နေမာ	ဘရာဇီး	(၄) ဂိုး

၂၀၁၄ ကမ္ဘာ့ဖလား ဆီးမီးဖိုင်နယ်ပွဲစဉ်ရလဒ်

[၁၀ - ၇ - ၂၀၁၄]

ဟော်လန် ၀ - ၀ အာဂျင်တီးနား

ပင်နယ်တီ အဆုံးအဖြတ်တွင် အာဂျင်တီးနားအသင်းက ဟော်လန်ကို လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

၂၄ နှစ်အတွင်း ပထမဆုံးဗိုလ်လုပွဲတက်နိုင်ခဲ့၍ ကစားသမားများအား ဆက်ဘယ်လာချီးကျူး ဆီလက်ဆန်နေရာတွင် တင်ခရူးလ်နှင့် အစားထိုးခဲ့သင့်ကြောင်း ဗန်ဟားလ်ဝန်ခံ

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့ရှိ အရီနာကိုရင်သီယန်ကွင်းကြီးထဲ၌ ယှဉ်ပြိုင်ကစားခဲ့သည့် နယ်သာလန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့၏ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းက ပင်နယ်တီ အဆုံးဖြတ်ခံယူရာတွင် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် အာဂျင်တီးနားအသင်းနည်းပြ ဆက်ဘယ်လာ အနေဖြင့် အာဂျင်တီးနား ကစားသမားများအား ချီးကျူးစကား ပြောကြားခဲ့သည်။

အာဂျင်တီးနား အသင်းသည် နယ်သာလန်အသင်းအား လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာနိုင်ခဲ့ခြင်းသည် ၂၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနား အသင်းသည် ၁၉၉၀ ခုနှစ်မှစတင်ကာ ကမ္ဘာ့ဖလား ဗိုလ်လုပွဲနှင့် လွဲခဲ့ရသည်။ လက်ရှိတွင် ဗိုလ်လုပွဲသို့ တက်လှမ်းလာရာ အာဂျင်တီးနားအသင်းသည် ဇူလိုင် ၁၃ ရက်တွင် ဆီမီးဖိုင်နယ်အဆင့်၌ အိမ်ရှင်ဘရာဇီးအသင်းအား ခုနစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထို့ကြောင့် နယ်သာလန်အသင်းအား အနိုင်ရရှိခဲ့ခြင်းကြောင့် အာဂျင်တီးနား ကစားသမားများ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ နည်းပြဆက်ဘယ်လာက ချီးကျူးစကား ပြောကြားခဲ့သည်။

နယ်သာလန်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် ကော်စတာရီကာအား အနိုင်ရရှိခဲ့သော်လည်း ဆီမီးဖိုင်နယ်တွင်မူ အာဂျင်တီးနားအသင်းအား ရှုံးနိမ့်ကာ ကမ္ဘာ့ဖလားတတိယနေရာလုရမည့်အသင်းအဖြစ်နှင့်သာ ကျေနပ်ခဲ့ရသည်။ အဆိုပါရှုံးနိမ့်မှုနှင့် ပတ်သက်၍ ကော်စတာရီကာနှင့်ပွဲတွင် လက်စွမ်းပြကစားခဲ့သည့် ဂိုးသမားတင်ခရူးလ်နှင့် ဆီလက်ဆန်နေရာတွင် အစားထိုးခဲ့သင့်ကြောင်း နယ်သာလန်အသင်းနည်းပြ ဗန်ဟားလ်က ဝန်ခံပြောကြားခဲ့သည်။ သို့သော် နည်းပြဗန်ဟားလ်အနေဖြင့် လူစားလဲမှု သုံးကြိမ်လုံး ပြုလုပ်ထားပြီးဖြစ်၍ မည်သို့မျှ မစွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ထို့ကြောင့် နယ်သာလန်အသင်းသည် ကမ္ဘာ့ဖလား တတိယလုပွဲအဖြစ် ဇူလိုင် ၁၂ ရက်တွင် အိမ်ရှင်ဘရာဇီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင် နယ်သာလန်အသင်းအား အနိုင်ရရှိခဲ့သည့် အာဂျင်တီးနားအသင်းသည် ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဇူလိုင် ၁၃ ရက်တွင် ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အခွင့်အရေးတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။ **[ငွေကြယ်]**

အစ်ကိုကြီးမောင်မောင်မြင့်နှင့် မမခင်ဆွေဝင်း

ချစ်မေတ္တာခိုင် ကိုးရက်ဇူလိုင်

ချစ်သစ္စာပြု မင်္ဂလာငွေရတု

ခိုင်မြဲချစ်မဏ္ဍိုင် နှောင်ရတုများစွာတိုင်

ကိုထွန်းထွန်းဦး-မကြည်ကြည်မင်း



ကြော်ငြာ

THE WORLD'S NUMBER ONE LUXURY CAR BRAND HAS ARRIVED.

P5 Parking, Junction Square, Between Kyun Taw Road and Pyay Road, Kamayut Township Contact **09 8633 209** or email **info@pac-bmw.com**

PRESTIGE AUTOMOBILES.
MYANMAR'S EXCLUSIVE AUTHORISED BMW DEALER.

BMW EfficientDynamics
Less emissions. More driving pleasure.

လေးဘာသာအထက်ဂုဏ်ထူးရရှိသူများ ဆက်လက်ပညာသင်ယူမည့် တက္ကသိုလ်ရှိရာဒေသများသို့ မိဘများပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေးဆောင်ရွက်မည်

နေပြည်တော်၊ ဇူလိုင် ၁၀

ဂုဏ်ထူးလေးဘာသာနှင့်အထက် ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဆက်လက်ပညာသင်ယူရာတွင် အထောက်အပံ့ဖြစ်စေရေးနှင့် မိသားစုနေထိုင်မှု အဆင်ပြေစေရေးကို ရှေ့ရှုလျက် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ယူမည့် တက္ကသိုလ်တည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းရှိ မြို့များသို့ မိဘများအနေဖြင့် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်လိုပါက အထူးကိစ္စတစ်ရပ်အနေဖြင့် ပြောင်းရွှေ့ တာဝန်ချထားပေးရေး စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား တပ်ဖွဲ့မှ လိုအပ်သည်များ ထောက်ပံ့ပေးလျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း၏ သားသမီးများ ပညာရည်တိုးတက်မြင့်မားရေးအတွက် တပ်ဖွဲ့မှ ချီးမြှင့်ထောက်ပံ့မှုနှင့် ဦးစားပေးဆောင်ရွက်နေမှု အခြေအနေများအား အောက်ခြေတပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်း အဆင့်အတန်းအားလုံး သိရှိစေရေး တာဝန်ရှိသူအဆင့်ဆင့်မှ အသိပေးချပြရှင်းလင်းသွားရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားထားကြောင်း ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်တွင် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြု ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည့် အခမ်းအနားမှ သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများ အား တပ်ဖွဲ့မှ လိုအပ်သည်များကို နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိရာ ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဇော်ဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်တွင် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ပွဲတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မူလတန်း ၂၃၁ ဦးအား တစ်ဦးလျှင်ငွေကျပ် ၁၂၀၀၀ နှုန်း၊ အလယ်တန်း ၂၁၇ ဦးအား တစ်ဦးလျှင်ငွေကျပ် ၁၇၀၀၀ နှုန်း၊ အထက်တန်း ၉၃ ဦးအား တစ်ဦးလျှင်ငွေကျပ် ၂၂၀၀၀ နှုန်း၊ တက္ကသိုလ်အဆင့် ၁၁၃ ဦးအား တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၁၈၉၇၀၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် အထက်ပါ ထောက်ပံ့မှုများအပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်ဝန်ထမ်းများ၏ သားသမီးများအနက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးလေးဘာသာ၊ ငါးဘာသာ၊ ခြောက်ဘာသာတို့ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်ကိုးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၃၀ ဦးတို့အား စုစုပေါင်းငွေကျပ် ၁၀၀၅၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်းများ၏ ထူးချွန်သော သားသမီးများကို ထိုကဲ့သို့ ပေးအပ်ချီးမြှင့်ခြင်းကြောင့် အနာဂတ်ကာလတွင် တပ်ဖွဲ့ဝင်ဝန်ထမ်းများ၏ သားသမီးများ ပညာရည်တိုးတက်မြင့်မားပြီး လူမှုဘဝ တိုးတက်မြင့်မားစေရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်အတွင်း ရွာတွင်းလမ်းများကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းခင်း

ကျွန်းလှ၊ ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ အင်းကောင်းကျေးရွာတွင် မိုးတွင်းကာလ သွားလာရေးလွယ်ကူစေရန် ရွာတွင်းလမ်းများကို ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းများ ခင်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာက ရွာကြီးတစ်ရွာဖြစ်ပြီး ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၇ ရက်နဲ့ ၈ ရက်တွေမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပါတယ်။ ရွာထိပ်မှာရှိတဲ့ စာသင်ကျောင်းကိုလည်း အလယ်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်ထားပါတယ်။

"ရွာမှာ ၂၄ နာရီ လျှပ်စစ်မီးလည်းရရှိပါတယ်။ ရွာလယ်ပေ ၁၀၀ လမ်းမကြီးနဲ့ ရွာတွင်းလမ်းခုနစ်လမ်းကိုလည်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်း ခင်းထားပါတယ်" ဟု ကျေးရွာအထောက်အကူပြု ကော်မတီမှ ဦးဇော်လင်းအောင်က ပြောသည်။

ကျေးရွာတွင် လူဦးရေ ၁၆၀၀ ခန့်နှင့် အိမ်ခြေ ၃၃၀ ရှိပြီး ယခုရွာတွင်းလမ်းများကို ရွာသူရွာသားများ၏ လုပ်အားဖြင့်ခင်းပြီး လုပ်အားပေးများကိုလည်း အလှူရှင်များက ကောက်ညှင်းပေါင်း၊ သာကူတို့ဖြင့် ကျွေးမွေးပြီး စံပြကျေးရွာတစ်ရွာဖြစ်ရန် ရည်ရွယ်ထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ပြောသည်။

မျိုးဝင်းညို(ကျွန်းလှ)

တွန်းဇံမြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုဘဝမြှင့်တင်ရေးအတွက် ဒုတိယအကြိမ်ချေးငွေကျပ် ၁၅၈ သိန်းကျော် ထုတ်ချေး

တွန်းဇံ၊ ဇူလိုင် ၁၀

ချင်းပြည်နယ်၊တွန်းဇံမြို့၊ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူနေမှုဘဝမြှင့်တင်ရေးဆောင်ရွက်ရန် ချေးငွေကျပ် ၁၅၈ သိန်းကျော်ကိုဒုတိယအကြိမ် ထုတ်ချေးပြီးဖြစ်ကြောင်းသိရသည်။

ချင်းပြည်နယ်၊ တွန်းဇံမြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် သမဝါယမလုပ်ငန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တွန်းဇံမြို့နယ် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း ခုနစ်သင်း၊ ဝိုင်းကြီးချုပ်အဖွဲ့ ၃၃ ဖွဲ့၊ အသင်းသား ၁၆၇ ဦးသို့ Exim Bank (တရုတ်)မှ ဒုတိယအကြိမ် ချေးငွေ ၁၅၈ ဒသမ ၉ သိန်းကို ဇူလိုင်ပထမပတ်အတွင်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးတွာလ်ခိုပေါင်က ပြောသည်။

ယခင်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ထုတ်ချေးထားပေးခဲ့သော ချေးငွေများ ခြောက်လသက်တမ်း ပြည့်ပြီဖြစ်သော လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလေးသင်းမှ အသင်းသား ၆၂ ဦး ချေးငွေ ၅၈ ဒသမ ၉ သိန်းနှင့် အတိုးများကို ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အခြေခံသမဝါယမအသင်း အမှုဆောင်များ ပူးပေါင်းဆောင်ရွက်မှုကြောင့် သတ်မှတ်ချိန်အတွင်း အပြည့်အဝကောက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

"ဒီလို နိုင်ငံတော်နဲ့ ပြည်နယ်အစိုးရတွေကနေပြီး ကျေးလက်နေပြည်သူတွေနဲ့ တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်သူတွေကို အတိုးနှုန်းသက်သက်သာသာနဲ့ စိုက်ပျိုးရေးနှင့် သမဝါယမ အသင်းသားများ အတိုးနှုန်းသက်သာစွာ ရရှိသဖြင့် အတိုးကြီးပေးရသည့်ဘဝမှ လွတ်မြောက်လာကြ၍ ဝမ်းသာပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

လင်းလက်ကြယ်စင်



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၃၅၇၊ မြေကွက်တည်နေရာအမှတ်(၂/က)၊ ရွှေဝါထွန်းလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးစိန်လှိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိန်လှိုင်မှာ ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်ကြည် [၁၂/မရက(နိုင်)၀၈၉၁၁၃]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တရုတ်လေး ကားမှန်ကုန်သည်

၆၄-၆၅ကြား၊ စံပယ်လမ်းမြို့သစ်၊ မန္တလေး
ဖုန်း-၀၉-၇၃၂၁၉၅၈၆



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၈၄၈/၁၊ မြေကွက်တည်နေရာအမှတ်(၈၄၈/၁)၊ (၂၀)လမ်း၊ (၇)ရပ်ကွက်၊ တ/ဥ (ဦးကျော်တင့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်တင့်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်မြအေး[၁၂/ဥကတ(နိုင်)၁၀၉၇၄၉]က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိမ်လွှာနှင့် သေစာရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနားပြုလုပ်ရန် ကရင်ပြည်နယ် မြဝတီမြို့ရှိ အာဇာနည်ကျောက်တိုင်ကွင်းအား ကြိုတင်ပြင်ဆင်

မြဝတီ၊ ဇူလိုင် ၁၀

မြန်မာနိုင်ငံအတွင်း ဒုတိယအခမ်းနားဆုံးဖြစ်သော အာဇာနည်ကျောက်တိုင်ကွင်းဟု လူသိများကြသည့် ကရင်ပြည်နယ် မြဝတီမြို့ရှိ အာဇာနည်ကျောက်တိုင်ကွင်းအား ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိနေသည်ကို ဒေသခံများ ကျေးဇူးအထူးတင်ရှိနေကြောင်း သိရသည်။

မြဝတီမြို့တွင် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနားအား ပြီးခဲ့သော ၂၀၁၃ ခုနှစ်မှ ပြန်လည်ကျင်းပခဲ့ပြီး ယင်းကာလမတိုင်မီက အကြောင်းအမျိုးမျိုးကြောင့် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနားအား မကျင်းပဖြစ်ခဲ့ရကြောင်းနှင့် ဆယ်စုနှစ် နှစ်စုဖြစ်သည့် နှစ် ၂၀ ကျော် ကြာမြင့်ခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

မြဝတီမြို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူက "အာဇာနည်နေ့ကို ပြီးခဲ့တဲ့နှစ်ကလိုပဲ ခမ်းခမ်းနားနားကျင်းပမှာ ဖြစ်ပါတယ်။ အခုဆိုရင် လိုအပ်တဲ့ပြင်ဆင်မှုတွေ စတင်လုပ်ဆောင်နေပါပြီ" ဟု ပြောသည်။

ယခုအခါ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူပန်းခွေချပြီး အလေးပြုခွင့် ပြန်လည်ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

"အာဇာနည်နေ့အခမ်းအနားကိုမနှစ်ကစလုပ်တာပါ။ မလုပ်ဖြစ်ခဲ့တာနှစ်ပေါင်း ၂၀ ကျော်ရှိပါပြီ။ အခုဆိုရင် မြဝတီမြို့ရဲ့ အထင်ကရနေရာတွေထဲမှာ မြဝတီမင်းကြီးဦးစပန်းခြံ အပါအဝင် အာဇာနည်ကျောက်တိုင်ကွင်းလည်း တစ်ခုအပါအဝင် ဖြစ်သွားပြီပေါ့ "ဟု မြဝတီမြို့ရှိ ဒေသခံတစ်ဦးကပြောသည်။ **(ဝ၄ဝ)**

မင်းလယ်တောမြောင်းမှရေဆက်လက်သွယ်ယူနိုင်ရေး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်မှု ၉ဝ ရာခိုင်နှုန်း ပြီးစီး

ဂန့်ဂေါ၊ ဇူလိုင် ၁၀

ယောချောင်းပေါ်ရှိ မင်းလယ်တောဆည်မှရေကို နွားသိုးကျေးရွာအထိ ဆက်လက်သွယ်ယူနိုင်ရန် မြောင်းအရှည် ၁၅၀၀ ပေ၊ အကျယ် ၉ ပေ၊ အမြင့် ၄၀ ပေရှိ မင်းလယ်တော-နွားသိုးရေသွယ်မြောင်းကို နွားသိုးကျေးရွာနှင့် အကြည်ပန်းပလွန်းကျေးရွာနေ ပြည်သူများက စုပေါင်းထည့်ဝင်ငွေကျပ် ၃၄ သိန်းကို မတည်၍ ဧပြီလမှစတင်ကာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တိုးချဲ့ဖောက်လုပ်လျက်ရှိရာ လုပ်ငန်းပြီးစီးမှု ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မင်းလယ်တော-နွားသိုးရေသွယ်မြောင်းကို ဖောက်လုပ်ပြီးစီးသွားပါက နွားသိုးကျေးရွာဒေသရှိ လယ်မြေ ၃၅၀ ဧကကျော်ကို မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မည်ဖြစ်၍ အခြားယာသီးနှံများကိုလည်း သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်မည်ဖြစ်ကာ ဒေသဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ဒေသခံများကပြောသည်။

ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် (ခွဲ)ဒေသတွင် ဖြတ်သန်းစီးဆင်းသည့် ယောချောင်း၌ ပန်းဆန်ရွာအနီးတွင် မင်းလယ်တောဆည်ကို တည်ဆောက်ထားသဖြင့် သရက်ချဉ်၊ ပန်းဆန်၊ ငါလွန်း၊ ကျောက်မ၊ အကြည်ရွာတို့ရှိ လယ်မြေများကို မိုးစပါး၊ နွေစပါးများ စိုက်ပျိုးရေနှင့် အောင်ရေပေးသွင်းနိုင်ကြောင်း သိရသည်။ **(၄၆၅)**

House.com.mm မှကြီးမှူး၍ရန်ကုန်ယူနိုက်တက်အက်ဖ်စီ၏ပူးပေါင်းမှုနှင့်အတူ ဘောလုံးကန်သွင်းမှုစွမ်းရည်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်၊ ဇူလိုင် ၁၀

၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂုဏ်ပြု၍ House.com.mm မှကြီးမှူးသည့် ဘောလုံးကန်သွင်းမှုစွမ်းရည်ပြိုင်ပွဲကို Yangon United FC မှ အားကစားသမားများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဇူလိုင် ၁၃ ရက်က တော်ဝင်စင်တာ ပထမထပ်ရှိ ပရိုမိုးရှင်းဧရိယာတွင် မွန်းလွဲ ၁ နာရီမှ ၆ နာရီအတွင်း ပြုလုပ်သွားမည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အက်ဖ်စီမှ အားကစားသမားများ၏ ဂိုးသွင်းမှုများနှင့်တကွ ပရိသတ်များ၊ လာရောက်ပြိုင်ပွဲဝင်မည့်သူများနှင့်အတူ ပြိုင်ပွဲကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပွဲမှရလာသည့် ရန်ပုံငွေများအားလုံးကို မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) သို့ လှူဒါန်းပေးသွားမည်ဖြစ်သည်။

House.com.mm ၏ Country Manager ဖြစ်သူ Michiel Bakker က "ကျွန်တော်တို့အတွက်တော့ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ကို ပိုမိုပံ့ပိုးနားလည်နိုင်ဖို့အတွက် တစ်ကမ္ဘာလုံးစိတ်ဝင်စားနေတဲ့ ကမ္ဘာ့ဖလားချန်ပီယံပွဲက အခါအခွင့်အချိန်ကောင်းတစ်ခုပါ။ ရန်ကုန်ယူနိုက်တက်အက်ဖ်စီနဲ့ မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့တို့နဲ့တကွ ကောင်းမွန်တဲ့အရာတစ်ခုကို အတူတကွဖော်ဆောင်နိုင်တာ ဂုဏ်ယူစရာပါပဲ။ House.com.mm ကလည်း အလုပ်သမားအယောက် ၂၀ နဲ့ အတူ အရင်နှစ်တွေကနေစပြီး အလွန်တိုးတက်ပြီး အောင်မြင်လာခဲ့ပါပြီ။ ဒါကြောင့် ဒီလိုပွဲမျိုးကို လုပ်ဖြစ်ခဲ့တာပါပဲ" ဟု ပြောကြားသည်။

စိတ်ပါဝင်စားသူမည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပြီး ပါဝင်ယှဉ်ပြိုင်သူများကို ဆုလက်ဆောင်များအဖြစ် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံး၊ ခိုင်ခန့်လှပသည့် ထီးများနှင့် အရည်အသွေးမြင့် T-shirt စသည်တို့ကို ပြန်လည်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲကြီးနှင့် ရန်ပုံငွေပွဲတွင် ဂိုးတိုင်တစ်ခုအတွက် ဂိုးပေါက်သုံးခုပါဝင်မည်ဖြစ်ပြီး အဆိုပါဂိုးပေါက်တစ်ခုစီသို့ ကန်သွင်းနိုင်ပါက ဆုလက်ဆောင်အမျိုးမျိုး ရယူနိုင်မည်ဖြစ်ကာ အကယ်၍ ဂိုးပေါက်တစ်မျိုးတည်းသို့ နှစ်ကြိမ်ဝင်ပါက ဆုတစ်မျိုးသာရရှိမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူများသည် တစ်ဦးလျှင် ရန်ပုံငွေ ၁၀၀၀ ကျပ်ထည့်ဝင်ကာ နှစ်ကြိမ်စီ ဘောလုံးကန်သွင်းနိုင်မည်ဖြစ်၍ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ပွဲကျင်းပသည့်နေ့တွင် ရန်ပုံငွေထည့်ဝင်ကာ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို House.com.mm ဖေ့စ်ဘွတ်ပေ့ချ်တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **တင်မောင်ဦး**

ကျေးရွာလူထုအင်အားဖြင့် ကွန်ကရစ်လမ်းတိုးချဲ့

ပေါင်၊ ဇူလိုင် ၁၀

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သဲကုန်းကျေးရွာ မဟာဗုဒ္ဓယောသကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမသာရ ဦးဆောင်တော်မူ၍ ဆရာတော်၏ ထည့်ဝင်လှူဒါန်းငွေဖြင့် လမ်းအရှည်ပေ ၂၁၀၀ အကျယ် ၁၅ ပေရှိ ရွာလယ်မြေသားလမ်းမကြီးအား ပြီးခဲ့သည့် မေလမှစတင်၍ ကျေးရွာလူထုအင်အားဖြင့် ကွန်ကရစ်ခင်းခြင်းကို တိုးချဲ့ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာ ဇူလိုင်လ ဒုတိယပတ်တွင် လုပ်ငန်းများအောင်မြင်စွာပြီးစီးသွားပြီး မြေသားလမ်းမှ ကွန်ကရစ်လမ်းဖြစ်သွားသည့် အတွက် ကျေးရွာအတွင်းရဟန်းသံဃာ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ကျေးရွာပြည်သူလူထု မိုးရာသီတွင်သွားလာမှု လွယ်ကူချောမွေ့ အဆင်ပြေကြောင်း သိရသည်။ **(၅၆၅)**

EXCELLENT အကျိုးဆောင်မှ ရောင်းမည်

၁။	ဗိုလ်ဗထူးလမ်းမ	၄၀'×၆၀'	မြေ	5000L
၂။	ဗိုလ်ဗထူးလမ်းမ L ကွက်	၆၀'×၄၀'	မြေ	4800L
၃။	(၃၄)ဦးဝိစာရလမ်း	၄၀'×၆၀'	မြေ	5500L
၄။	(၃၄)သင်းဝင်လမ်း	၄၀'×၆၀'	2BN	4500L
၅။	ကမ္ဘာအေးစေတီလမ်း	၅၅'×၁၅၅'	မြေ	42000L
၆။	သံလွင်လမ်းမ	၁၄၀'×၁၆၃'	2RC	100000L
၇။	ကမ္ဘာအေးစေတီလမ်း	၃၀'×၇၈'	မြေ	ညှိနှိုင်း
၈။	ဧရာဝဏ်လမ်းထောင့်	၄၀'×၆၀'	မြေ	8500L
၉။	အမြန်လမ်းနှင့် ကြီးလေးကြီးထောင့် (၂၃ ဧကလယ်မြေ)			ညှိနှိုင်း
၁၀။	အင်းစိန်၊ မင်းကြီးလမ်း	၄၆'×၇၀'	2RC	10000L
၁၁။	အင်းစိန်၊ အေးသိဒ္ဓိလမ်းသွယ်	၁၀၀'×၁၀၀'	မြေ	5500L
၁၂။	ရွှေတောင်ကြားလမ်း	၀. ၅၂ဧက	မြေ	ညှိနှိုင်း
၁၃။	ရွှေဘုံသာလမ်း	၁၅'×၅၅'	မြေညီ	4000L
၁၄။	အင်းစိန် လမ်းသစ်လမ်း	၅၀'×၁၂၀'	မြေ	20000L
၁၅။	သာကေတ၊ ရှုခင်းသာလမ်း	၆၀'×၆၀'	မြေ	8500L

Ph:09-250619727, 0973083410, 09450022298

ဖိတ်ကြားအပ်ပါသည်

၁၁-တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရမ္မာဝတီဆရာတော် အရှင်ကုန္ဒပါလ၏ ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာကို ၁၇-၇-၂၀၁၄ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁၂း၃၀နာရီထိ ၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ တိပိဋကပုလဲရောင်ရှိန် စာသင်တိုက်တွင် ဆင်ယင်ကျင်းပမည်။ ၁၇-၇-၂၀၁၄ရက် နံနက် ၁၀း၃၀ နာရီတွင် ဂျပန်နိုင်ငံအစိုးရမှ ဆောက်လုပ်လှူဒါန်းသော တိပိဋကစက္ခုပါလ အခမဲ့မျက်စိဆေးခန်း လွှဲပြောင်းပေးခြင်း၊ ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းကို ဆောင်ရွက်ပါမည်။

မျက်စိအလင်းအလှူ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာကို ကုသရန် အခက်အခဲရှိနေကြသော မျက်စိဝေဒနာရှင်များစွာတို့အား မျက်စိဆရာဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်သော မျက်စိဆရာဝန်ကြီးများက ၁၇-၇-၂၀၁၄ မွန်းလွဲ ၁ နာရီမှ ၂၀-၇-၂၀၁၄ရက် ည ၇ နာရီထိ ၄ ရက်တိုင်တိုင် အခမဲ့ စမ်းသပ်ခွဲစိတ်ကုသလျက် မျက်စိအလင်းအလှူပေးလှူပါမည်။ မျက်စိဝေဒနာရှင်များ၊ လူနာစောင့်များအား အခမဲ့ ကားကြိုပို့ခြင်း၊ ထမင်းကျွေးမွေးခြင်း၊ အခမဲ့ မျက်စိဝေဒနာကုသခြင်းများကို တိပိဋကဓရ ဆရာတော်၏ မွေးနေ့ပူဇာအဖြစ် ဆောင်ရွက်ပေးပါမည်။

အလှူရှင်

အဆိုပါမွေးနေ့ပူဇာ၌ ကုန်ကျမှုအားလုံးကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေ ဇေကမ္ဘာမိသားစုမှ လှူဒါန်းပူဇော်ပါမည်။

မျက်စိဝေဒနာကုသမှုခံယူလိုသော ရဟန်းရှင်လူ မည်သူမဆို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ဆက်သွယ်၍၈-၇-၂၀၁၄ရက်မှ ၁၅-၇-၂၀၁၄ရက်ထိ စာရင်းပေးသွင်းကြရန်။

၁၁-တိပိဋကဆရာတော်၏ မွေးနေ့တွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်(၉) ပါး၊ တိပိဋကဓရ ဆရာတော် (၅)ပါး၊ အထူးပင့်ဆရာတော်အပါး (၄၀) တို့နှင့်တကွ အရံပင့်သံဃာများစွာတို့အား လှူဖွယ်များကို လှူဒါန်းပူဇော်ပါမည်။

မွေးနေ့ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြည်ညိုပူဇော်နိုင်ရန် မေတ္တာရှေ့ထားလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၁၁-တိပိဋကဓရဆရာတော်နှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

ပျောက်ဆုံး

ကျွန်တော် ကိုဇော်သီဟ CDC ၁၈၉၆၀ ၏ WATCH KEEPING No.2335 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၅၁၆၅၆၉၂

သံတွဲခရိုင်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားစာ

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ (၁၂)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် တောင်ဘက် မုခ်အလယ်ပစ္စယံရှိ မူလမင်းကွန်းဓမ္မရိပ်သာတွင် ၁၆-၈-၂၀၁၄ရက်(စနေနေ့) နံနက်၈း၃၀နာရီမှ မွန်းလွဲ၁၂နာရီအတွင်း ကျင်းပမည်ဖြစ်ပါ၍ သံတွဲခရိုင်နွယ်ဖွားများသည် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးမြမောင်-၀၉-၅၁၂၁၅၂၁၊ ဦးထင်ကျော်လင်း-၀၉-၄၉၃၀၅၆၇၃၊ ဦးထွန်းဖေ-၀၉-၇၃၀၁၂၆၇၉၊ ဦးသာဒင် ၀၉-၇၀၁၅၃၇၉၊ ဦးအောင်နွယ်-၀၉-၄၂၁၀၂၇၄၀၁၊ ဒေါ်ခင်ကြည်မြင့်-၀၉-၄၂၀၁၅၀၇၁၇၊ ဦးချစ်ဖေ-၀၉-၄၂၀၁၃၄၃၅၂၊ ရုံး-၀၁-၃၈၂၀၈၇တို့ထံ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H-218)၊ ဦးပိုင်အမှတ်(၆၉)၊ ၅၇×၅၈လမ်း၊ ဧဝရတ်နှင့် ကနောင်လမ်းကြားရှိ ဦးဝင်းဦးအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်တိန်ရှိန်လင့်[၁၃/လရန(နိုင်)၀၈၁၅၆၂]မှ မြို့ကွက်သစ်ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မြင်းခြံမြို့နယ်၊ ဒါးကျွန်းကျေးရွာ မြစ်ကမ်းပါးပြိုကျ၍ နေအိမ်များအချိန်မီပြောင်းရွှေ့နိုင်

မြင်းခြံ၊ ဇူလိုင် ၁၀

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဒါးကျွန်းကျေးရွာသည် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာအနီးတွင် တည်ရှိသော ကျေးရွာဖြစ်သည့်အတွက် ယခုအခါ မြစ်ရေစတက်ချိန်တွင် သဲသောင်များကိုကွေ့ပတ်စီးဆင်းသည့် ရေစီးကြောင်းသည် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဒါးကျွန်းကျေးရွာနှင့် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ နတ်ညွှန်းကျေးရွာကို ဦးတည်သဖြင့် ၎င်းကျေးရွာများရှိ ကမ်းပါးများအား တိုက်စားကာ ပြိုကျနေကြောင်း သိရသည်။

မြစ်ကမ်းပါးပြိုကျသဖြင့် ဇူလိုင် ၈ ရက်အထိ အိမ်မြေကွက်နှစ်ကွက်မှာ မြစ်ကမ်းပါးပြိုကျမှုထဲသို့ ပါရှိသွားခဲ့ပြီး အိမ်ဝိုင်းနှစ်ကွက်မှာ တစ်ဝက်ခန့်သာပါရှိခဲ့ပြီး စိုးရိမ်ရသော မြေကွက်သုံးကွက်တွင် နေထိုင်သူများမှာ ပြောင်းရွှေ့ခဲ့ကြသည်။

ထိုဝိုင်းကွက်များတွင် နေထိုင်သူများ၏အိမ်များကို အချိန်မီ ပြောင်းရွှေ့ကြသဖြင့် မြစ်ကမ်းပါးပြိုကျမှုထဲ မပါရှိသော်လည်း နေထိုင်မှုအခက်အခဲများ ဖြစ်ပေါ်လျက်ရှိပြီး မြင်းခြံမြို့နယ်အတွင်း မြစ်ကမ်းပါးအနီးနေထိုင်သော ကျေးရွာများတွင် ကမ်းပါးပြိုကျမှုရှိသော်လည်း လူနေအိမ်များပါရှိခြင်းမရှိကြောင်းကို ဒါးကျွန်းကျေးရွာအုပ်ချုပ်ရေးမှူးက ပြောပြခဲ့သည်။ မြစ်ကမ်းပါး ပြိုကျနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပြိုကျမှုသက်သာစေရန် ဆောင်ရွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေရာ သဲအိတ်များချခြင်း၊ သစ်ကိုင်းများချခြင်း၊ ပိုက်များချခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ယခုလို ရေဦးတက်စအချိန်များတွင်သာ ကမ်းပါးပြိုကျခြင်းများ ဖြစ်တတ်ပြီး ရေများကမ်းပါးအပေါ်တက်လာပါက ပြိုကျမှုမရှိကြောင်း၊ ထိုသို့မြစ်ကမ်းပါးပြိုကျမှုကြောင့် ဒါးကျွန်းကျေးရွာနှင့် နတ်ညွှန်းကျေးရွာများမှ လူနေအဆောက်အအုံများ ပါရှိခြင်းမရှိဘဲ အိမ်ဝိုင်းမြေကွက်များသာပါရှိကြောင်း ဒါးကျွန်းကျေးရွာမှ ဒေသခံများက ပြောသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်

ယင်းမာပင်၊ ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ဘက်ဖိုးကားသေးတစ်စီးကို အကူအညီရယူ၍ ယင်းမာပင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး မိုးရာသီတွင် မြို့သန့်ရှင်းသာယာလှပစေရေးကို ရှေ့ရှုကာ ဒေသခံပြည်သူများ၏ လိုလားချက်အတိုင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တယားဖြင့် ရေနုတ်မြောင်းတူးဖော်ပေးခြင်းကို ဇူလိုင် ၅ ရက်မှ ၈ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး ယင်းမာပင်မြို့ဝင် ဆိုင်းဘုတ်မှ အခြေခံပညာအထက်တန်းကျောင်း ရှေ့ထိ လေးဖာလုံခန့်ကိုလည်းကောင်း၊ ယင်းမာပင်မြို့၊ (ခ)ရပ်ကွက်တွင်လည်းကောင်း တူးဖော်ခဲ့ကြောင်းသိရသည်။

“မိုးရာသီမှာ အဓိကအနေဖြင့် လမ်းဘေးဝန်းကျင် သွားလာမှုအဆင်ပြေစေရန်နှင့် ဒေသခံပြည်သူများ ကျန်းမာရေးထိခိုက်မှုမရှိစေရန်အတွက် ရေနုတ်မြောင်းများကို တူးဖော်ပေးခြင်းဖြစ်ပါတယ်။ အခုလို ကျွန်တော်တို့အဖွဲ့များက လက်တွေ့ကွင်းဆင်းဆောင်ရွက်ပေးတာကို ဒေသခံပြည်သူများကဝမ်းသာစွာဖြင့် ကြိုဆိုကြပါတယ်”ဟု တာဝန်ရှိသူက ပြောကြားသည်။

ထွန်းကိုကို(ယင်းမာပင်)

မိုးကြိုဝါသီးနှံ နည်းပညာပေးပွဲကျင်းပ

ရွှေဘို၊ ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်ခွဲရှိ ငွေးပင်ကုန်းကျေးရွာအုပ်စု၊ ငွေးပင်ကုန်းကျေးရွာ၊ ရွှေတောင်(ခ)ဝါစိုက်တောင်သူ ဦးထွန်းထွန်းဦး၏ ဝါစိုက်ခင်းတွင် ဇူလိုင် ၇ ရက် နံနက် ၉ နာရီတွင် နည်းပညာပေးပွဲနှင့် စံပြကွက်ပြပွဲကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်သီတာလွင်က ရွှေတောင်(ခ)ချည်မျှင်ရှည်ဝါ ပိဿာ ၁၀၀၀ နှင့်အထက်ထွက်ရှိရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့် ဒေသတွင်းဈေးကွက်ခိုင်မာအောင် ဌာနမှ ဆက်သွယ်ဆောင်ရွက်ပေးမှုများကို ပြောကြားခဲ့သည်။ ထိုသို့စိုက်ပျိုးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း၊ စံပြကျေးရွာများဖြစ်အောင်ဝိုင်းဝန်းကြိုးပမ်းစေလိုကြောင်း၊ ဝါသီးနှံတစ်ဧက အထွက်နှုန်းတိုးရေးနည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးရေးနှင့် ဝါသီးနှံသည်စီးပွားရေး တွက်ခြေကိုက်သောသီးနှံဖြစ်သဖြင့် တိုးချဲ့စိုက်ပျိုးရန်တို့ကို ပြောကြားခဲ့သည်။

စိုးသီဟ(ပြန်/ဆက်)

ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့

ချောက်၊ ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု၏ သားသမီးများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၈ ရက် ညနေ ၃ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က အမှာစကားပြောကြားပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ယူကြမည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူ ၄၈ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၂၄၃၅၀၀ ကို ကျောင်းသားတစ်ဦးစီသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းဌေး

ယင်းမာပင်ခရိုင် ကနီမြို့နယ် ကုသိုလ်ဖြစ်စေတနာရှင်များမှ ကျောင်းသား၊ ကျောင်းသူ ၂၁၀ ဦးအား အာဟာရတိုက်ကျွေး

ကနီ၊ ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ် ပေါက်အင်းတောင်၊ ပေါက်အင်းမြိုင် အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ကလေးသူငယ်များအား အာဟာရပြည့်မီရေး၊ ကိုယ်လက်ကျန်းမာရေးနှင့် ဦးနှောက်နှင့် စိတ်ဓာတ်ကြံ့ခိုင်ရေးတို့အတွက် အာဟာရအနေဖြင့် ပဲနို့အေးကို ကျောင်းသား၊ ကျောင်းသူ ၂၁၀ ဦး တို့အား အာဟာရတိုက်ကျွေးခဲ့သည်။

အဆိုပါအာဟာရတိုက်ကျွေးရေးကို မြို့နယ်တိမွေးကုဦးစီးဌာန ဒေါက်တာအောင်ထွန်းတို့မှ အလှူရှင်များရှာ၍ အလှူရှင်များဖြစ်ကြသော ဒုဗိုလ်မှူးကြီး ချို၀င်းနှင့် ဇနီးဒေါ်နန်းအေးအေးသင်း၊ ဦးချစ်ဝင်းနှင့် ဇနီးဒေါ်လှလှမြင့် (စက်ပစ္စည်းရောင်းဝယ်ရေး) တို့မှ စုပေါင်း၍ အာဟာရတိုက်ကျွေးခဲ့ကြသည်။

အာဟာရတိုက်ကျွေးခြင်းအခမ်းအနားကို ဇူလိုင် ၈ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးမှအဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီများ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

သန်းဌေးအောင်(ကနီ)

ပျောက်ဆုံးကြောင်း
ကျွန်မ နော်မေရီယံအေး[၁၂/မရက(နိုင်)၁၄၅၁၈၇]၏ ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၂၅၄၀၆၇၄၈၄

ရောင်းမည်
ဆူးလေဘုရားလမ်း(လယ်)
လှေကားဘေးဆိုင်ခန်း
ထပ်ခိုး၊ ကိုယ်ပိုင်မီတာပါ
Ph:09-5156736

လိုင်သာယာစက်မှုဇုန်တွင် စက်ရုံငှားရန်ရှိသည်
၁။ လှိုင်သာယာစက်မှုဇုန် ၂။ ဝါးတရာစက်မှုဇုန်
၃။ ပဲခူး(ဟံသာဝတီ)စက်မှုဇုန်
ဆက်သွယ်ရန်ဖုန်းအမှတ်-၀၁-၂၀၄၇၀၁၊ ၂၀၄၇၀၂၊ ၀၉-၇၃၂၅၀၇၁၁
(ရုံးချိန်အတွင်းသာ-နံနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအတွင်း)

ကန့်ကွက်နိုင်ပါသည်

မုံရွာ–ရန်ကုန် သွားကားကြီးများ အချိန်ပြောင်းပြေးဆွဲခြင်းအပေါ် သူတို့အမြင်

မန္တလေးမြို့တွင် ဇူလိုင် ၂ ရက်မှစ၍ ကာဖျူးအမိန့် ညမထွက်ရအမိန့်ထုတ်ပြန်ထားရာ ည ၉ နာရီမှ နံနက် ၅ နာရီထိဖြစ်သည်။ ညပိုင်း ၈ နာရီ နှင့် ၉ နာရီတွင် မုံရွာမြို့မှထွက်သော ရန်ကုန်သို့သွားမည့် ကားကြီးများအနေဖြင့် စစ်ကိုင်းတံတားပိတ်ချိန်အမီ ရောက်နိုင်ရန် ခရီးသွားအချိန်ကို ညနေ ၆ နာရီခွဲနောက်ဆုံးထား၍ မုံရွာကားကွင်းမှ ထွက်ရန် အချိန်ပြောင်းထားသည်။ ယခင်အချိန်အတိုင်းပြေးဆွဲပါက ပိုမိုအဆင်ပြေကြောင်း ခရီးသွားတို့က ယခုကဲ့သို့ ပြောကြားခဲ့သည်။

ဦးမြင့်သိန်း
(Elite၊ မုံရွာ–ရန်ကုန် ကားသင်းဂိတ်မှူး)

အဓိကကားအချိန်တွေပြောင်းတာက ဇူလိုင် ၂ ရက်ကနေစပြောင်းတယ်ဗျ။ စစ်ကိုင်းတံတားမှာ မန္တလေး ကာဖျူးအမိန့်ထုတ်လိုက်တဲ့အတွက် ကားတွေစီစဉ်ထားတဲ့ဟာ အတော်လေး ကသီလင်တဖြစ်သွားတယ်။ ကျွန်တော်တို့ Elite ကားသင်းအနေနဲ့ နေ့စဉ်ထွက်တာက ည ၇ နာရီနဲ့ ၈ နာရီမှာပါ။ အဲဒီတော့ ကျွန်တော်တို့ စစချင်းပိတ်တဲ့နေ့က ဘာမှမသိလိုက်ဘဲ ပိတ်ခံလိုက်ရတဲ့အတွက် ၇ နာရီကားရော ၈ နာရီ ကားပါ စစ်ကိုင်းတံတားထပ်မှာပိတ်မိသွားတယ်ဗျ။ စစ်ကိုင်းတံတားရဲ့ ဒီဘက်မှာဖြစ်သလို ခရီးသည်တွေအဆင်ပြေအောင် အဲကွန်း တစ်ညလုံးဖွင့်နိုင်ဖို့ ကားစက်နှိုးပြီး သိပ်ခဲ့ကြရပါတယ်။ နောက်ရက်မှာ မ. စ. က နဲ့ ပို့ဆက်ကိုသွားပြီး သတင်းပေးပြီးညှိနှိုင်းတဲ့အခါမှာ တိုင်းပို့/ဆက်ဦးစီးနဲ့ မစကဥက္ကဋ္ဌတို့ သွားရောက်ညှိနှိုင်းတဲ့အခါမှာ ဒီဘက်ကတော့ဖွင့်မယ်။ ဟိုဘက်ကတော့ မသေချာဘူး ပြောပါတယ်။ ဟိုဘက်ကမ်းရောက်သွားတဲ့ကားတစ်စီးလဲ ပိတ်မိသွားတယ်လို့သိရပါတယ်။ ကျွန်တော်တို့သိရသလောက်တော့ ညပိုင်းပြေးတဲ့ကားသင်းတွေ အကုန်လုံး အချိန်စောထွက်စေပြီး ညပိုင်းပိတ်လိုက်တယ်လို့ တွေ့ရပါတယ်ဗျ။ အခုတော့ ကျွန်တော်တို့ Elite အနေနဲ့ နှစ်စီးလုံးကို ၆ နာရီခွဲလောက်မှာ ထွက်နိုင်အောင် တက်သုတ်ရိုက် လုပ်နေရပါတယ်ဗျာ။ ခရီးသည်တွေလည်းအရင်ကထက် ဝီရိယအတော်စိုက်ရပါတယ်ဗျာ။

ဦးသန်းထွန်း
(လုဗ္ဗိနီ၊ရန်ကုန်–မုံရွာ ကားသင်းဂိတ်မှူး)

အရင်တုန်းကတော့ ည ၇ နာရီခွဲပုံမှန်ပြေးဆွဲတယ်ဗျ။ တစ်ရက်ကို တစ်စီးပြေးဆွဲပေးပါတယ်။ အခုတော့ ခရီးသည်တွေအခြေအနေကြည့်ပြီး နှစ်စီးပြေးသင့်ရင် ပြေးဆွဲပေးပါတယ်။ နှစ်စီးပြေးရရင်တော့ ညနေ ၆ နာရီခွဲမှာ အခုအချိန်ပြောင်းပြေးပါတယ်။ မန္တလေးကိုဖြတ်ရတာကတော့အခု အချိန်ပြောင်းပြေးတော့ အေးအေးဆေးဆေးပါပဲ။ အဓိက စစ်ကိုင်းတံတားက ၉ နာရီပိတ်တဲ့အတွက် ကျွန်တော်တို့က အချိန်စောပြီး လွှတ်ပေးရပါတယ်။ စစ်ကိုင်းတံတားမှာပဲ ဟိုဘက်ကပိတ်ထားတဲ့အတွက် ဇူလိုင်၂ ရက်နေ့က လုဗ္ဗိနီကားအသင်းအနေနဲ့ မပိတ်မိခဲ့ပါဘူး။ ကျွန်တော်တို့ကားတွေကတော့ ၇ နာရီနဲ့ ၇ နာရီခွဲမှာ ထွက်တာဆိုတော့ လွတ်သွားတယ်ဗျ။ မန္တလေးမှာ ကာဖျူးအမိန့်ထုတ်တဲ့အတွက် အချိန်တစ်နာရီလောက်စောထွက်ပေးရတာပဲရှိပါတယ်။ ကျန်တာကတော့ အေးအေးဆေးဆေးပါပဲ။ ပုံမှန်ပြန်ဖြစ်သွားရင်တော့ ပုံမှန်ချိန် ၇ နာရီခွဲမှာပဲ ပြန်လွှတ်ပေးမှာပါ။ အဲဒီအချိန်မှာ ကျွန်တော့်ခရီးသည်တွေ သက်သောင့်သက်သာရှိပြီး လုပ်ငန်းများတဲ့ ခရီးသည်တွေအဖို့ လုပ်ငန်းမပြတ်တာတွေရှိတာပေါ့။

ဦးစံသိန်း
(မိုးကောင်းကင်၊မုံရွာ–ရန်ကုန်–နေပြည်တော် ဂိတ်မှူး)

ကျွန်တော်တို့ မိုးကောင်းကင်ကားအသင်းအနေနဲ့ တစ်ရက်ကို ညနေ ၆ နာရီ၊ ၇ နာရီနဲ့ ၈ နာရီတို့မှာ ပုံမှန်ပြေးဆွဲပေးနေရာက မန္တလေး ကာဖျူးမိန့်ထုတ်ပြီး ၅ နာရီခွဲ ၆ နာရီတို့မှာ ပြောင်းပြီး ပြေးဆွဲပေးနေရပါတယ်။ ကာဖျူးမိန့်ထုတ်တဲ့နေ့က အသင်းအနေနဲ့ စစ်ကိုင်းမှာ တစ်စီးအိပ်ခဲ့ရပါတယ်။ နောက်ရက်မှာ အချိန်ရှေ့တိုးလိုက်တဲ့အတွက် အဆင်ပြေသွားပါတယ်။ အချိန်ပြောင်းပြေးရတယ်ဆိုပေမယ့် လမ်းကြောကတော့ အရင်အတိုင်း နေပြည်တော်လမ်းကပဲ ပြေးဆွဲပေးနေပါတယ်။ နေပြည်တော်ကားကို ညနေ ၆ နာရီမှာ ပြေးဆွဲပေးနေပါတယ်။ အခြားဘာအခက်အခဲမှ ထူးထူးခြားခြားမရှိပါဘူးဗျ။ အချိန်ပြောင်းလိုက်တဲ့အတွက် ခရီးသည်တွေအနေနဲ့ ကသီလင်တတော့ နိုင်သွားတာပေါ့။ ကျွန်တော်တို့ကတော့ အချိန်မီအောင် ဆောင်ရွက်ပေးရတာပေါ့ဗျာ။

ကိုညီညီ
(ညီညီ–စာပေ၊ ဈေးဟောင်း၊ မုံရွာ)

အခု ရန်ကုန်ကနေပို့တဲ့ နေ့စဉ်သတင်းစာ၊ ဂျာနယ်၊ စာအုပ်ထုပ်တွေက နာရီနောက်ကျနေပါတယ်။ ရန်ကုန် ကားကြီးတွေကပို့တဲ့ စာအုပ်ထုပ်ရော မန္တလေးကပို့တဲ့ သတင်းစာထုပ်တွေ အခု တစ်နာရီနောက် ကျနေပါတယ်။ အဓိကကတော့ မန္တလေးကပို့တဲ့ သတင်းစားကိုယ်ပွားသမားတွေအနေနဲ့ အရင်က မနက် ၄ နာရီလောက်မှာ လှုပ်ရှားဆောင်ရွက်ရာကနေ အခုကာဖျူးမိန့်လွှတ်တဲ့ မနက် ၅ နာရီမှပဲ လုပ်ငန်းစလှုပ်ရှားကြရတာဆိုတော့ အားလုံးဟာ နောက်တစ်နာရီစီ နောက်ကျသွားတာပေါ့။ နိုင်ငံတော်ကထုတ်တဲ့ ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာတွေကို မန္တလေးကနေ တိုက်ပိုင်ကားနဲ့ မုံရွာဘက်ပို့တာတွေလည်း တစ်နာရီကျော် နှစ်နာရီလောက်နောက်ကျတော့ မုံရွာမှာသတင်းစာနေ့စဉ်ပို့ရတဲ့သူတွေလည်း အရင်ကလိုပဲနောက်ကျမှပို့ရတဲ့အတွက် ရာသီဥတုအပူဒဏ်ကိုခံနေရပါတယ်။

ဦးတင်ထွန်း
(မြို့တွင်းနှင့်ခေါက်တို ကားဆရာ)

ဝါဆိုလပြည့်နေ့နီးတော့ မင်းကွန်း၊ စစ်ကိုင်းတောင်၊ မန္တလေးဘုရားစုံသွားချင်တဲ့ဘုရားဖူးတွေကားအငှားများတော့ ဒီရက်ပိုင်းကား အငှားရတာများပါတယ်။ မန္တလေးမှာ ကာဖျူးထုတ်ထားတော့ ဝါဆိုလပြည့်နေ့ဝန်းကျင် ဘုရားဖူးခရီးသွားချင်တဲ့သူတွေ ကားလာငှားရင်တော့ အခုအချိန်မှာ မန္တလေးလည်မယ့်အစား ပြင်ဦးလွင်၊ ဒါမှမဟုတ် စစ်ကိုင်းတိုင်းအတွင်းမှာရှိတဲ့ မြောင်၊ ပရိမ္မစတဲ့ဘုရားတွေဘက်သွားဖို့ အကြံပြုတာများတော့ ကားပေါ်မူတည်ပြီး ခြောက်သောင်းကနေ ကျပ်တစ်သိန်းခွဲကြားမှာ အငှားလိုက်နေကြရပါတယ်။

မျိုးဝင်းထွန်း(မုံရွာ)

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်တွင် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်

လယ်ဝေး၊ ဇူလိုင် ၁၀

ဇူလိုင် ၆ ရက်နံနက် ၉ နာရီက လယ်ဝေးမြို့နယ်(သာဝတ္တိ) ပေါက်မြိုင်အုပ်စု မြိုင်သာယာ မူလတန်းကျောင်းခွဲကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ပေါက်မြိုင်အုပ်စု၊ရွှေပြည်သာကျေးရွာ မူလတန်းကျောင်းခွဲကိုလည်းကောင်း ဖွင့်လှစ်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့၊ ကျောင်းအုပ်ဆရာကြီးများမှဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် (သာဝတ္တိ) ပေါက်မြိုင်အုပ်စု အင်တိုင်းသား မူလတန်းကျောင်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်တို့က ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးက အမှာစကားပြောကြား၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ ဇနီး နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ငြိမ်းငြိမ်းအေးက အမျိုးသမီးများနှင့်ပတ်သက်၍ သိကောင်းစရာများဟောပြောပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့် မာဃပညာရေးပရဟိတအဖွဲ့တို့ ပူးပေါင်း၍ ၄ ပေ ၈ ပေ စာသင် Black Board ငါးချပ်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

ကိုကိုရူပ(နေပြည်တော်)

မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကဒါန ကျောင်းအလှူ နှိုးဆော်ခြင်း

ရောင်းမည်
အလုံ၊ ဆင်မင်းလမ်းနှင့် ငုဝါလမ်းထောင့် ပေ(၁၂×၄၀)၊ မြေညီ၊ ထပ်ခိုးပြည့်၊ အသင့် နေပြင်ပြီး။ 2A/C,2 PHONE ဆက်သွယ်ရန်ဖုန်း-၀၉၇၃၁၈၆၄၉၆၊ ၀၉၄၂၀၉၂၉၂၂

ငှားမည်(ပွဲစားမလို)
ပေ(၂၅×၄၅)၊ Hall၊ (၈)လွှာ
လမ်း(၄၀)အလယ်
ဖုန်း-၀၉၅၁၉၄၆၁၈

ပြင်ဦးလွင်အိမ်နှင့် ခြံရောင်းမည်
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ နဝရတ်လမ်း၊ တစ်ထပ် RC၊ ရေ၊ မီး၊ ဖုန်း၊ အဝီစိစက်ရေတွင်းပါ။ ဂရန်မြေ ပေ(၆၀×၈၀)၊ ပတ်ဝန်းကျင်သန့်၊ ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။ ဆက်သွယ်ရန်ဖုန်း-၀၁-၂၅၄၄၅၆၊ ၀၉၂၅၀၂၄၆၁၀၀

ဖတ်စရာ

နေရေးရာ သေရေးပါ အရေးကြီး

à arm ibl€G(wEw;)

“အဲဒီကောင်မလေးက မိဘနှစ်ပါးစလုံးမရှိကြတော့ဘူး၊ နှစ်ယောက်စလုံးက အေအိုင်ဒီအက်(စ်) နဲ့ပဲ ဆုံးသွားကြတာလေ”

“ဩော်-ဟုတ်လား”

မုန့်ဖုတ်လုပ်ငန်းပိုင်ရှင် အစ်မကြီးဒေါ်ရီရီ၏ စကားကို အံ့သြစွာနားထောင်နေရင်း လုပ်အားခ တစ်နေ့စာငွေလေး ထောင့်ငါးရာကို ကျစ်ကျစ်ပါအောင်လက်ထဲဆုပ်လျက် ပြန်ထွက်သွားသော ချာတိတ်မလေး၏ နောက်ကျောပြင်ကို ကရုဏာသတ်စွာ ကျွန်တော်လှမ်းကြည့်ဖြစ်သည်။

မုန့်ဖုတ်လုပ်ငန်းပိုင်ရှင် ဦးစိုးမြင့်က မကြာခဏအနှိပ်ခံတတ်သည်။ အနှိပ်သည်တစ်ပိုင်းဖြစ်နေသော ကျွန်တော်မှာ ဦးစိုးမြင့်တို့အိမ်ကို နှစ်ရက်သုံးရက် တစ်ခါတော့ရောက်တတ်သည်။ ဦးစိုးမြင့်တို့မိသားစုနှင့် ကျွန်တော်သိကျွမ်းရင်းနှီးသည်မှာ သုံးနှစ်ခန့်ရှိပြီဖြစ်သော်လည်း ထိုချာတိတ်မလေးကို ကျွန်တော်မရင်းနှီးချေ။ ဒေါ်ရီရီပြောပြလေမှ ကိုချာတိတ်မလေး၏ အောက်တွင် ကလေးနှစ်ယောက်ရှိသေးကြောင်း၊ အဒေါ်ဖြစ်သူနှင့်အတူနေပြီးထိုကလေးနှစ်ယောက်နှင့်အဒေါ်ဖြစ်သူကိုပါ အရွယ်နှင့် မမျှလုပ်ကျွေးနေရကြောင်း စိတ်မကောင်းစွာ သိရပေသည်။

လွန်ခဲ့သောနှစ်လခန့်က အသက်နှစ်ဆယ့်ခုနစ်အရွယ် ကောင်မလေးတစ်ယောက် ဆုံးပါးသွားခဲ့သည်။ ထိုကောင်မလေးအသုဘမစခင် အတွင်းမှာပင် “အေကိုက်လို့သေတာလေ”ဟူသော မထင်မှတ်သည့်မှတ်ချက် စကားသံအချို့ကိုလည်း သဲ့သဲ့မျှ ကြားခဲ့ရသည်။

ကျွန်တော် သတိပြုမိတာလေးတစ်ခုရှိတယ်။

လူတစ်ယောက် ငယ်ငယ်ရွယ်ရွယ်ဖြင့် ဆုံးပါးသွားခဲ့လျှင် ကျန်ရစ်ခဲ့သူလူတချို့က ခေါင်းစဉ်တစ်ခုခု တပ်ပေးလိုက်ကြသည်။

“အေကိုက်တာ”

“ဘုရားရိုက်တာ”

“အသည်းရောင်ရောဂါဖြစ်တာ”

လူတစ်ယောက်သေဆုံးသွားပြီဖြစ်သော်လည်း သက်ရှိလူ့ပတ်ဝန်းကျင်တွင်နာမည်ဆိုး၊ အမည်းစက်များက ပျံ့နှံ့ပြီးကျန်ရစ်ခဲ့သည်။ အကောင်းသတင်းထက် အဆိုးသတင်းတွေသာ ပိုပြီးတွင်ကျန်ရစ်သည်။

ခေါင်းစဉ်တပ်ကြသူများကို ကိုယ်ချင်းမစာကြသူများဟုလည်း ဆို၍မရ၊ အကြောင်းကား ထိုခေါင်းစဉ် အတပ်ခံရသူများမှာ သက်ရှိထင်ရှားရှိခဲ့စဉ်က သူများလက်ညှိုးထိုးစရာ အပြစ်အနာအဆာများ တစ်ခုမဟုတ်တစ်ခုတော့ ပြုလုပ်သွားကြ၍သာ ဖြစ်၏။

ယခုအသက်လေးဆယ်စွန်းခါမှ လူ့ဘဝသင်ခန်းစာ အသိအမြင်တစ်ခုကို ကျွန်တော်ရရှိလိုက်သည်။ လူသားမှန်လျှင် ‘နေရေးရာ သေရေးပါ အရေးကြီးတယ်’ ဆိုတာပဲဖြစ်၏။

ကျွန်တော်တို့သည် ဘဝရပ်တည်ရှင်သန်နိုင်ရေး အတွက် စားဝတ်နေရေးပြည့်စုံရုံမျှ မပြီးသေး။

အများအကျိုးကို စွမ်းနိုင်သမျှ ဆောင်ရွက်ဖို့ အပြစ်ကင်းနိုင်သမျှ ကင်းအောင်နေဖို့ ဘဝကူးကောင်းဖို့ အရေးတကြီးလိုအပ်၏။ ထိုသို့မဟုတ်ဘဲ ဘဝကိုအမှတ်တမဲ့ ဖြစ်ကတတ်ဆန်း ရေစုန်မျောနေကြပါမူကား။ ။

မြင်းခြံ၌ မြန်မာမိုဘိုင်းလ်မန်းနီးအစီအစဉ်များ စတင်

မြင်းခြံ၊ ဇူလိုင် ၁၀

မန္တလေးတိုင်းဒေသကြီး ၊ မြင်းခြံခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် မြန်မာမိုဘိုင်းလ်မန်းနီးလုပ်ငန်းများ ဆောင်ရွက်ရန် လေ့ကျင့်သင်ကြားပေးခြင်းကို ဇူလိုင် ၈ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည် ။

အဆိုပါလေ့ကျင့်သင်ကြားမှုကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်မင်းနောင် ကြီးကြပ်၍ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များမှ မြို့နယ် တာဝန်ခံများနှင့် ဝန်ထမ်းများ လက်တွေ့လေ့ကျင့် သင်ကြားနေကြကြောင်း သိရသည်။

မြန်မာမိုဘိုင်းလ်မန်းနီးအစီအစဉ်ဖြင့် ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ငွေလွှဲပို့ခြင်း၊ ဖုန်းငွေဖြည့်ခြင်း၊ မီတာဘီလ်နှင့် အခြားဘီလ်များပေးချေခြင်း၊ ကုန်ပစ္စည်းဝယ်ယူခြင်း၊ On Line ဈေးဝယ်ခြင်း၊ ကုမ္ပဏီဝန်ထမ်းများ လစာပေးခြင်း၊ မိုဘိုင်းလ်ငွေစုစာရင်း ဖွင့်လှစ်ထားရှိပါက အတိုးငွေခံစားခွင့်ရှိခြင်း စသည့်ကိစ္စရပ်များကို လွယ်ကူလျင်မြန်စွာဖြင့် အချိန်မရွေး နေရာမရွေး အသုံးပြုနိုင်သည်။

မြန်မာမိုဘိုင်းလ်မန်းနီးကို မည်သည့်ဖုန်းအမျိုးအစားမဆို အသုံးပြုနိုင်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့များရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများတွင် ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ကသာမြို့နယ်အတွင်း ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေး စီမံချက် ရှင်းလင်းပွဲကျင်းပ

ကသာ၊ ဇူလိုင် ၁၀

ကသာမြို့နယ်အတွင်း ပြည်သူလူထုအခြေပြု တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်ဖြင့် ဆေးရုံဆေးခန်းသို့ မလာရောက်နိုင်သော လူနာများအထိ တီဘီရောဂါရှာဖွေကာ ကုသပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဦးစီးဌာနကို တစ်ဖက်တစ်လမ်းမှ ကူညီသောအားဖြင့် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်၏ မြို့နယ်အဆင့်စီမံချက် လုပ်ငန်းရှင်းလင်းပွဲကို ဇူလိုင် ၈ ရက် မွန်းလွဲ ၁ နာရီက ကသာခရိုင် ပြည်သူ့ဆေးရုံ စည်းဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကသာခရိုင်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စီမံချက်မိတ်ဖက်အဖွဲ့အစည်းနှင့် လူမှုရေးအသင်းအဖွဲ့များ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

“ကျွန်တော်တို့ စီမံချက်အနေနဲ့ ကသာမြို့နယ်အတွင်း စေတနာလုပ်အားရှင် ၂၃ ဦး ရွေးချယ်ပြီး မြို့နယ်အနှံ့ တီဘီရောဂါရှိသူများရှာဖွေကာ ပြည်သူ့ဆေးရုံကြီး တီဘီဌာနကို ညွှန်းပို့ခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် ကျန်းမာရေးဦးစီးဌာနကို ကူညီခြင်းဖြစ်ပါတယ်”ဟု စီမံချက်အရာရှိ ဦးအောင်မျိုးခိုင်က ပြောသည်။

မွန်မွန်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့တွင် မူးခင်းကျဆင်းရေး ဟောပြောပွဲကျင်းပ

မြောင်းမြ၊ ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၊ အမှတ်(၁၀) နယ်မြေ၊ ဝိဇောဒယဘုန်းတော်ကြီးကျောင်း၌ ရပ်ကွက်အတွင်း မူးခင်းကျဆင်းရေးဟောပြောပွဲကို ဇူလိုင် ၈ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့သည်။

ယင်းဟောပြောပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြောင်းမြရဲစခန်း၊ စခန်းမှူး ဒုရဲမှူးအောင်စိုးက သက်ငယ်မုဒိမ်းမှုများ ပပျောက်ရေး၊ ရပ်ကွက်တွင်း မူးယစ်သောက်စားရမ်းကားမှု လျော့ပါးရေး၊ ဒုစရိုက်မှုများ ပပျောက်လျော့နည်းရေး ပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် လူမှောင်ခိုနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်ကျော်စွာမြင့်က လူမှောင်ခိုကုန်ကူးခြင်းအကြောင်းနှင့် ဖြစ်မှုဖြစ်ဒဏ်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး လူမှောင်ခိုကုန်ကူးမှုများကို ရဲတပ်ဖွဲ့ဝင်များချည်းသာ ဆောင်ရွက်၍ မရနိုင်ဘဲ ပြည်သူလူထုများက တာဝန်သိသိဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသွားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပါဠိဂုဏ်ထူးဆရာကြီးဦးအောင်ခိုင် စာချတန်းသင်တန်းဖွင့်မည်

၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ရက်မှစ၍ ပါရာဇိကဏ်-အဋ္ဌကထာကို ၃ နာရီမှ ၄ နာရီ၊ ပါစိတျာဒိဂုဏ်ထူးကို ၄ နာရီမှ ၅ နာရီ မေးထားသော ဝါကျကိုရှုကြည့်၍ဖြေနိုင်အောင်ပို့ချသင်ပြမည်။ ဗဟန်း ၃လမ်း၊ တိုက်-၃၁၊ အခန်း-၂ဘီ၌ စုံစမ်းနိုင်ပါသည်။

ပါဠိဂုဏ်ထူးဆရာကြီးဦးအောင်ခိုင်

ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဘုရားဖူးအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ ကုသိုလ်ယူနိုင်ပါသည် -

	ဂယာ	မိဂဒါဝုန် / သာဝတ္ထိ	ကုသိနာရုံ
၁။ [illegible] (ကျပ်)		၁၅,၀၀၀	၁၀,၀၀၀
၂။ [illegible] (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀

ရုံးချုပ် - [illegible] ၀၁-၆၅၅၅၂၈ ၊ ၆၅၅၅၀၈၅ ၊ ၀၉-၅၆၀၀၁၂၃

ရုံးခွဲ(၁) - [illegible] ၀၁-၃၇၇၆၁၅ ၊ ၀၉-၇၃၂၂၇၅၃၅ ၊ ၀၉-၂၄၅၁၇၈၃

ရုံးခွဲ(၂) - Gandamar Wholesale ၊ [illegible] ၀၁-၆၅၇၇၉၄ ၊ ၀၉-၅၆၀၀၄၄၄

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၉၈)၊ ဦးပိုင်အမှတ်(၁၃-က)၊ (ခဲစင်း)၃၅×၃၆ ကြား၊ ၈၉×၉၀လမ်းကြားရှိ ဘိုးဘမြေကွက်အားအမည်ပေါက်သူ ဦးသော်ဒါနှင့် ဦးသာဒင်တို့သည် လူပျိုကြီးဘဝဖြင့်ကွယ်လွန်၍ညီအရင်းဖြစ်သူ ဦးသာအောင်မှအမွေဆက်ခံရန်ကျန်ရစ်ခဲ့ပါသည်။ ဦးသာအောင်သည် ဇနီးဖြစ်သူ ဒေါ်ဖွားခင်နှင့် အိမ်ထောင်ကျပြီး (သမီး) ဒေါ်ခင်ကြည်ကို မွေးဖွားခဲ့ပါသည်။ မိခင်၊ ဖခင်နှင့် ခင်ပွန်းဖြစ်သူ (ဦးတင်ညွန့်) တို့ အသီးသီး ကွယ်လွန်သွားပါသဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၉၂၇/၂၀၁၁)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်ကြည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၇၆၈/၂၀၁၂)ဖြင့် ဝယ်ယူခဲ့သူဦးအောင်မြိုင် [၅/ရဥန(နိုင်)၀၃၀၅၀၄] နှင့် ဒေါ်ခင်ဝင်းဆွေ [၉/မနတ(နိုင်)၁၀၄၀၂၁] တို့မှ အမှုတွဲအမှတ်-၀၁၇၄/ဘ(ခွဲ/ပြောင်း)/၂၀၁၄-၂၀၁၅ဖြင့် ဘ/ခွဲ/ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်အမှတ်(၅၀၇)၊ ဦးပိုင်အမှတ်(၂၄)၊ စစ်ကိုင်း-မန္တလေးလမ်းကြား၊ ဘုရားကြီးနောက်မုခ်ရှိ ဦးထွန်း၊ ဒေါ်လုံး အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဖြစ်သူ ဦးထွန်း၊ မိခင်ဖြစ်သူ ဒေါ်လုံးနှင့် (သား)ဦးဘသော်(လူပျိုကြီးဘဝ)တို့ အသီးသီး ကွယ်လွန်၍ ကျန်ရစ်သူသားတစ်ဦးဖြစ်သည့် ဦးလှမော်သည် ဒေါ်သိန်းတင်နှင့် အိမ်ထောင်ကျပြီး (သမီး)ဒေါ်ရီကို မွေးဖွားခဲ့ပါသည်။ မိခင်၊ ဖခင်တို့ကွယ်လွန်၍ ဒေါ်ရီမှ အမွေ ဆက်ခံခဲ့ပြီး ခင်ပွန်း ဦးဗိုလ်နှင့် အိမ်ထောင်ကျ ၍(သမီး) မငွေငွေ(ခ)မခင်ငွေကို မွေးဖွား ခဲ့ပါသည်။ ဖခင်ဦးဗိုလ်၊ မိခင်ဒေါ်ရီတို့ ကွယ်လွန်သဖြင့် ကျန်ရစ်သောသမီးဖြစ်သူ ဒေါ်ငွေငွေ(ခ)ဒေါ်ခင်ငွေ[၉/မရတ(နိုင်)၀၁၁ ၇၇၅]မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ရောင်းမည်(ပွဲစားမလို)

မရမ်းကုန်းမြို့နယ်၊ ရွှေကမ္ဘာအိမ်ရာ၊ ပထမထပ်၊ 1MB, 3B, 2AC,
1500 Sqft, Lift
ဆက်သွယ်ရန်ဖုန်း-၆၆၆၅၈၇၊ ၀၉-၄၄၈၀၀၈၅၂၉

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ် (G)၊ ဦးပိုင်အမှတ်(၁၀၉)၊ ၅၇×၅၈လမ်းကြား၊ မနော်ဟရီနှင့် ခိုင်ရွှေဝါလမ်းကြားရှိ ဦးခင်မောင်မြင့်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်လျှင်ဆိုင်(ခ)ဒေါ်လျင်ဆိုင် [၁၃/နခန(နိုင်)၀၃၈၉၅၀]မှ မြေကွက်၏ မြောက်ဘက်ခြမ်းအား စလစ်၊ မြို့ကွက်သစ်ဖော်ထုတ်ရေး၊ ငွေရပြေစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

စစ်ကိုင်းတောင်ရိုး ဝါဆိုဦးပွဲတော်တွင် ယခင်နှစ်များကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရန် ကြိုတင်စီစဉ်ပေးသင့်

ဆွမ်းဦးပုညရှင်ဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးပရိသတ်များဖြင့် စည်ကားနေစဉ်။

စစ်ကိုင်း၊ ဇူလိုင် ၁၀

ဝါဆိုလပြည့်နေ့တွင် ကျင်းပပြုလုပ်သည့် စစ်ကိုင်းတောင်ရိုးရှိ နာမည်ကျော် ဆွမ်းဦးပုညရှင်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်နှင့် ဝါဆိုဦးပွဲတော်သည် ရပ်ဝေးရပ်နီးမှ လာရောက်ဆင်နွှဲသူများနှင့် အထူးစည်ကားလေ့ရှိရာ တောင်ပေါ်လမ်းတစ်လျှောက်တွင် ယာဉ်ကြောပိတ်ဆို့မှုများ ကြာမြင့်စွာဖြစ်ပေါ်လေ့ရှိနေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ကြိုတင်အစီအမံများ လုပ်ကိုင်ပေးသင့်ကြောင်းဒေသခံများကပြောသည်။

ဝါဆိုဦးပွဲတော်ရက်များတွင် ရှေးယခင်က ဆွမ်းဦးပုညရှင်ဘုရားပေါ်သို့ စောင်းတန်းများမှတစ်ဆင့် တပျော်တပါး ခြေကျင်တက်ရောက်ဆင်နွှဲခဲ့ကြပြီး လွန်ခဲ့သည့် ဆယ်စုနှစ်ဝန်းကျင်မှစတင်၍ မော်တော်ဆိုင်ကယ်များ ပေါ်များလာကာ တောင်တက်လမ်းမှတစ်ဆင့် ပုညရှင်ဘုရားရင်ပြင်တော်အထိ မောင်းနှင်တက်ရောက် ဖူးမြော်လာခဲ့ကြရာမှ နှစ်စဉ် ယာဉ်ကြောပိတ်ဆို့မှု အချိန်ကြာမြင့်စွာ ဖြစ်ပေါ်လေ့ရှိနေကြောင်း သိရသည်။

ဝါဆိုလပြည့်နေ့တွင် တောင်ပေါ်သို့တက်ရောက်သည့် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ အလွန်များပြားလာခဲ့သဖြင့် စစ်ကိုင်းတောင်တက်လမ်း၊ ငွေသံကြားဘုရားအနီးတောင်ဆင်းလမ်းဆုံမှ ဆွမ်းဦးပုညရှင် စေတီရင်ပြင်အထိ ယာဉ်ကြောပိတ်ဆို့မှု အချိန်ကြာမြင့်စွာဖြစ်ပွားကာ ဘုရားဖူးလာရောက်သူများ အခက်အခဲများစွာနှင့် ကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။

အဆိုပါနေရာများတွင် ရင်ပြင်တော်အထိ မောင်းနှင်တက်ရောက်ကြသည့် များပြားသောဆိုင်ကယ်များ၊ ကိုယ်ပိုင်မော်တော်ယာဉ်များကြောင့် ယာဉ်ကြောအထပ်ထပ်ပိတ်ဆို့ကာ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းကြရကြောင်း သိရသည်။

“အရင်က ဝါဆိုဦးပွဲတော်မှာ စစ်ကိုင်းတောင်ကို လာတဲ့သူတွေအများစုက တောင်ခြေမှာ ကားတွေ၊ ဆိုင်ကယ်တွေကို အပ်ထားခဲ့ပြီး စောင်းတန်းကနေ အဖွဲ့လိုက် တပျော်တပါး တက်ရောက်ပြီး ပါဝင်ဆင်နွှဲကြတယ်။ ပျော်စရာလည်းကောင်းတယ်။ ယာဉ်ကြောပိတ်ဆို့တယ်ဆိုတာလည်း မရှိဘူး။ အခုနောက်ပိုင်းမှာ ဆိုင်ကယ်တွေ၊ ကားတွေ ပေါ်လာပြီး တောင်တက်လမ်းကနေ ဘုရားရင်ပြင်တော်အထိ တက်ကြတော့တယ်။ ပွဲတော်ရက်မှာလာတဲ့သူတွေများလွန်းတော့ ရှေ့တိုးမရ၊ နောက်ဆုတ်မရလောက်အောင် ယာဉ်ကြောတွေ ပိတ်သွားတော့တာပဲ။ အဓိကတော့ ဆိုင်ကယ်တွေကြောင့် ယာဉ်ပိတ်ဆို့မှုဖြစ်နေတာပါ။အဲဒီလို လမ်းပိတ်သွားတော့ ဘုရားဖူးတွေ တော်တော်ဒုက္ခရောက်ကြတယ်။ ဖြစ်နိုင်ရင် တာဝန်ရှိသူတွေအနေနဲ့ ပွဲတော်ရက်မှာ တောင်တက်လမ်း လမ်းပိတ်ဆို့မှုမဖြစ်အောင် ဆိုင်ကယ်တွေ၊ သုံးဘီးဆိုင်ကယ်တွေကို တက်ရောက်ခွင့်မပြုသင့်ဘူး။ တောင်ခြေမှာ အပ်နှံစေပြီး တောင်ပေါ်တက်ရောက်ခွင့် ပြုသင့်တယ်။ ကျန်းမာရေးမကောင်းသူတွေ၊ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေ၊ ခြေကျင်မတက်ချင်သူတွေ အဆင်ပြေအောင် လိုင်းကားတွေကို စနစ်တကျ ပြေးဆွဲပေးလိုက်ရင် လမ်းပိတ်ဆို့မှု မဖြစ်နိုင်တော့ဘူး”ဟု စစ်ကိုင်းမြို့ခံတစ်ဦးကအကြံပြုပြောကြားခဲ့သည်။

စစ်ကိုင်းတောင်ရိုး၊ သမိုင်းဝင် ဆွမ်းဦးပုညရှင်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဝါဆိုဦးပွဲတော်ကို နှစ်စဉ်ဝါဆိုလပြည့်နေ့တွင်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်သည်စစ်ကိုင်းတောင်ရိုး၊ ဝါတွင်းဘုရားစဉ်ပွဲတော်များ၏ အဦးအစဖြစ်သည့်အပြင် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်၍ ရပ်ဝေးရပ်နီးမှဘုရားပွဲတော်လာရောက်ဆင်နွှဲသူများ ကြိတ်ကြိတ်တိုးစည်ကားလေ့ရှိသည်။ **နန္ဒာမင်းလွင်**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအဖွဲ့အစည်းအဝေးအတွေ့အကြုံရှင်းလင်း

ထားဝယ်၊ ဇူလိုင် ၁၀

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအစည်းအဝေး အတွေ့အကြုံရှင်းလင်းရေးနှင့်တနင်္သာရီတိုင်းဒေသကြီး မဂ္ဂဇင်းထုတ်ဝေရေးညှိနှိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၈ ရက် မွန်းလွဲ ၂ နာရီတွင် ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ထားဝယ်မြို့နယ် စာရေးဆရာများအသင်း အလုပ်အမှုဆောင်များနှင့် စာရေးဆရာအသင်းဝင်များ တနင်္သာရီတိုင်းဒေသကြီး မဂ္ဂဇင်းဖြစ်မြောက်ရေး ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ထားဝယ်မြို့နယ် စာရေးအသင်းဥက္ကဋ္ဌ ဦးဘမြင့်(မင်းသူရိန်-ထားဝယ်)က ဇွန် ၂၈ ရက် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့်အတွက် အစည်းအဝေးအတွေ့အကြုံကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီးမဂ္ဂဇင်းဖြစ်မြောက်ရေးဆွေးနွေးပွဲကိုကျင်းပရာ ထားဝယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဘမြင့် (မင်းသူရိန်-ထားဝယ်)၊ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နီနီချို၊ အတွင်းရေးမှူး ဦးစိန်ဝင်း (ဖိုးရွှေသွန်း-ထားဝယ်)နှင့် ကော်မတီများက မဂ္ဂဇင်းတွင်ပါဝင်မည့် အခန်းကဏ္ဍများကို ဆွေးနွေးကြသည်။ တနင်္သာရီတိုင်းဒေသကြီး မဂ္ဂဇင်းသည် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စာရေးဆရာအသင်း များစုပေါင်း၍ မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီကို ဖွဲ့စည်းကာ တိုင်းဒေသကြီးသမိုင်းလေ့လာချက်များ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ တိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်ရေး စည်းလုံးညီညွတ်ရေးကိုဦးတည်ရေးသားသော ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဓာတ်ပုံ၊ ပန်းချီ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဒေသိယစကားများနှင့် သုတ၊ ရသ စာပေစာမူများ ပါဝင်မည်ဖြစ်ပြီး ၂၀၁၄ နှစ်အတွင်း ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်သည်။ **ဖိုးရွှေသွန်း(ထားဝယ်)**

ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၉ တွင် ပါရှိသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့်ပတ်သက်သည့်သတင်းမှ ‘ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား အာဇာနည်နေ့တွင် အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ကျန်ပြတိုက်ဖွင့်ရက်များတွင် ပုံမှန်အတိုင်း သတ်မှတ်ထားသည့် အခကြေးငွေ ပေးဆောင်၍ ကြည့်ရှုလေ့လာနိုင်ပါကြောင်း’ နှင့် ပြတိုက်ဖွင့်ချိန်မှာ ‘နံနက် ၉ နာရီ မှ ညနေ ၄ နာရီခွဲအထိ’ အစား ‘နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ’ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်းအဖွဲ့

ဒဂုံဆိပ်ကမ်း

၈၂ (၂၉၅)သိန်း၊ ၈၃ (၁၄၀)သိန်း
၁၄၉ (၇၈)သိန်း
ဖုန်း-၀၉-၄၉၂၇၉၈၄၇၊
(ပွဲစား၊ အကျိုးဆောင်မလို)

ရောင်းမည်(၂၃၄)သိန်း

လှိုင်သာယာ၊ သကမ(၁၂)၊ ပေ(၂၀×၆၀)
ပါမစ်မြေ၊ အနော်ရထာလမ်းမကြီးအနီး၊
ဖုန်း-၀၉-၄၂၀၁၀၆၉၂၂
(ပွဲစား၊ အကျိုးဆောင်မလို)

ရောင်းရန်ရှိသည်

County Bus (City Tour) ကားများ
ရောင်းရန်ရှိသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၀၉၀၀၃၅၊ ၀၉-၄၂၁၁၀၀၆၉၀



ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်ဇဇ-၄၊ ဦးပိုင်အမှတ်(၈၇)၊ ၅၆×၅၇လမ်းကြား၊ အောင်ဆန်းလမ်းနှင့်ငကျွဲလမ်းကြားရှိ ဦးမျိုးမြင့်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ခင်ဝင်း[၉/မရမ(နိုင်)၀၂၁၁၂၀]မှ မြို့ကွက်သစ်ဖော်ထုတ်ရေးငွေရပြေစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

The Government of the Republic of the Union of Myanmar
Ministry of Energy
Invitation to Tender
Thanlyin Refinery Joint Venture Project(TRJVP)
Tender No.(1-TRJVP/2014-2015)

The Myanma Petrochemical Enterprise(MPE),a State-owned Enterprise of the Republic of the Union of Myanmar, operating under the Ministry of Energy ,announces an Invitation to Tender for the Thanlyin Refinery Joint Venture Project(TRJVP).The purpose of the TRJVP, which will be licensed under the Foreign Investment law,is to operate and carry out the rehabilitation of No.1 Refinery(Thanlyin)to improve its production capacity. In addition,the TRJVP will undertake the imporation,distribution and storage of a wide range of petroleum products.

All interested eligible parties are cordially invited to lodge a submission in accordance with the tender documents.

1. The documentation related to the TRJVP("the Tender Documents" as further detailed below) can be Purchased by any interested parties starting 14th July 2014 upon submission of evidence of payment of a non-refundable fee of 3,000,000Kyats (Three Milllions Kyats)to MPE.The detailed payment information is available in the Ministry of Energy's website (http://www.energy.gov.mm/index.php/en/in formation/announcement). Any question in relation to the payment of the non-refundable fee can be sent to email address below.
2. The Tender Documents Comprise the following:
   a) General Rules and Requirements
   b) Invitation to Tender
   c) Proposed Joint Venture Agreement
   d) Proposed Land Lease Agreement
   e) Information Memorandum including selected detailed financial/operating/ importing information with respect to No.1 Refinery(Thanlyin)
